မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၈)

အာဏာ(၃)ရပ်အညီအမျှခွဲဝေပေးထား

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးပဋိညာဉ်မူဘောင်ကြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အာဏာ(၃)ရပ်ကို အညီအမျှခွဲဝေပေးထားတာဖြစ်ပါတယ်။ ဒီအာဏာကြီး (၃)ရပ်ကို အညီအမျှခွဲဝေကျင့်သုံးပြီး စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမီဒီယာတွေ၊ ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့မိဘပြည်သူတွေနဲ့ တပ်မတော်တို့ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ ဆက်လက်ဆောင်ရွက်သွားကြမယ်ဆိုရင် ကျွန်တော်တို့အားလုံး မျှော်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံသစ်ကြီးကို ရောက်ရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

(၁-၃-၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မိုဟာမက် ဇီလာရာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ် ဟာဆီနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးတွင် ရေနက်ဆိပ်ကမ်းကြီးတစ်ခုနှင့် အထူးစက်မှုဇုန်ကြီး (၃)ခု ထူထောင်နိုင်အောင်ဆောင်ရွက်နေ လမ်း၊ တံတားကြီးများကို သွားလာရေးလမ်းကြောင်းများမှ စီးပွားရေးလမ်းကြောင်းများအဖြစ် ရောက်ရှိလာအောင်ဆောင်ရွက်

အနာဂတ်ခေါင်းဆောင် မျိုးဆက်သစ်များ တိုးတက်ဖြင့်မားရန် မိမိတို့ မျိုးဆက်ဟောင်းများ၏ပခုံးဖြင့် ထမ်းတင်ပေးရမည်
အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းလုပ်ကိုင်သူများ အခွင့်အလမ်းများ တိုးမြှင့်ရရှိလာအောင် အလေးအနက်ထားကြိုးပမ်း

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်၊ ဦးစိုးသိန်း၊ ဦးသိန်းညွန့်၊ ဦးခင်မောင်မြင့်၊ ဦးအေးမြင့်နှင့် ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိသည်။

လှိုက်လှဲစွာကြိုဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးသိန်း၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ တိုင်းဒေသကြီး နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပုသိမ်လေဆိပ်မှ လှိုက်လှဲစွာ ကြိုဆိုကြသည်။

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကလည်း ပုသိမ်မြို့အဝင်လမ်းနှင့် မြို့တွင်းလမ်းတစ်လျှောက်မှ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ်မြို့ပေါ်ရှိ စာမျက်နှာ ၆ ကော်လံ ၁ *

အမှာစကား ပြောကြား

နိုင်ငံတော်သမ္မတဦးသိန်းစိန် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

26-3 (01).pmd 1 3/26/2012, 2:52 AM

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်တို့ ဂုဏ်ပြုညစာစားပွဲတွင် လာအိုယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံယဉ်ကျေးမှုအကပဒေသာများနှင့် တေးသံသာများ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီ ဆိုင်ညဆွန်က မတ် ၂၂ ရက် ည ၇ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာ Grand Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆုတောင်းပတ္တနာပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြောကြားရာတွင် မိမိအနေဖြင့် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ် လာအိုနိုင်ငံသို့ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ပထမအကြိမ် အလည်အပတ်ရောက်ရှိခဲ့ပါကြောင်း၊ ယင်းခရီးစဉ်အတွင်းတွင် သာယာလှပသည့် လာအိုနိုင်ငံကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ရသကဲ့သို့ လာအိုပြည်သူများ၏ ဖော်ရွေခင်မင်မှုများကို ကိုယ်တိုင်တွေ့ရှိခံစားခွင့် ရရှိခဲ့ပါကြောင်း၊ ဆက်လက်၍ ၂၀၀၈ ခုနှစ် မတ်လတွင် လာအိုနိုင်ငံသို့ထပ်မံ လာရောက်ခဲ့ပြီး ယခုတစ်ဖန် နောက်တစ်ကြိမ် လာရောက်လည်ပတ်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ယနေ့လာရောက်သည့် ခရီးစဉ်သည် အချိန်အားဖြင့် တိုတောင်းသော်လည်း ဤခရီးစဉ်တွင် မိတ်ကောင်းဆွေကောင်းများနှင့် ရှိရင်းစွဲခင်မင်မှုများကို ထပ်မံခိုင်မြဲစေရုံသာမက မကြာသေးမီနှစ်များအတွင်းတွင် အရှိန်အဟုန်ဖြင့် ရရှိလာသည့် လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိစေခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသကဲ့သို့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ဘာသာရေးတို့တွင်လည်းတူညီမှုများ များစွာရှိနေပါကြောင်း၊ ယင်းဆက်စပ်မှုများနှင့် နှစ်နိုင်ငံပြည်သူများကြားတွင် ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် နီးကပ်သည့်ဆက်သွယ်မှုများကို တည်ထောင်နိုင်ခဲ့ခြင်းသည် အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးတက်ခိုင်မာစေပါကြောင်း၊ ယင်းအချက်များကို လတ်တလောနှစ်များအတွင်းတွင် ဆတက်ထမ်းပိုးအောင်မြင်မှုရလျက်ရှိသည့် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေများက သက်သေပြနေပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ပြီး ဒေသတွင်းအိမ်နီးချင်းနိုင်ငံများဖြစ်သည့် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် အလွန်ကျေနပ်အားရဖွယ်ရှိသည်ကို သတိပြုမိပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်က အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အစဉ်အဆက်ပြုစုပျိုးထောင်နိုင်ခဲ့သည့်အတွက် အသီးအပွင့်များကို ယနေ့မိမိတို့ ခံစားနေရခြင်း ဖြစ်ပါကြောင်း၊ မြန်မာနှင့်လာအိုနိုင်ငံတို့၏ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုများသည် နောင်လာနောက်သားများအထိ ကမ္ဘာတည်သရွေ့ ဆက်လက်တည်ရှိသွားမှာဖြစ်ပါကြောင်း၊ ရှေးယခင်ကဆိုလျှင် မဲခေါင်မြစ်ကြီးမှာ မိမိတို့ နှစ်နိုင်ငံကိုခွဲခြားထားပြီး ကုန်စည်စီးဆင်းမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားဆက်သွယ်မှုများတွင် အတားအဆီးသဖွယ်ဖြစ်ခဲ့ပါကြောင်း၊ ယခုအချိန်တွင်မူ မဲခေါင်မြစ်ဖြတ်ကျော်တံတားတစ်ခု တည်ဆောက်ရန် လုပ်ငန်းကော်မတီနှစ်ခု ဖွဲ့စည်းပြီးဖြစ်သည့်အတွက် အဆိုပါအတားအဆီးကို ကျော်လွှားနိုင်တော့မည် ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်နေစဉ် တစ်ချိန်တည်းမှာပင် လာအိုပြည်သူများ၏ နိုင်ငံတော် တည်ဆောက်ရေးအောင်မြင်မှုများ ဆတက်ထမ်းပိုးရရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ လာအိုနိုင်ငံနှင့် ပြည်သူများ၏ တိုးတက်ဖွံ့ဖြိုးမှုသည် အနာဂတ်တွင် ပိုမိုထူးကဲသော အောင်မြင်မှုများဆက်လက်ရရှိလိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး လာအိုနိုင်ငံ ဖွံ့ဖြိုးတိုးတက်သာယာဝပြောစေရေး၊ လာအိုနိုင်ငံသမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေရေးနှင့် မြန်မာပြည်သူများနှင့် လာအိုပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည် တည်တံ့ ခိုင်မြဲစေရေးတို့အတွက် ဆုတောင်း ပတ္တနာပြုသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ စားပွဲတွင် လာအိုယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံယဉ်ကျေးမှုအကပဒေသာများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့သည် လာအိုယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၂ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဒီပူ မိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တီဘီရောဂါတိုက်ဖျက်ရေးနေ့ လားရှိုး၌ကျင်းပ

လားရှိုး မတ် ၂၅

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက လားရှိုးမြို့ရှိ သူနာပြု/သွားဖွားသင်တန်းကျောင်းခန်းမကြီးတွင် ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို လားရှိုးခရိုင် အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဖွင့်ပွဲ အခမ်းအနားတွင် မြွက်ကြားမည့် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ အဖွင့်မိန့်ခွန်းကို တွဲဖက်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးက လည်းကောင်း၊ တီဘီရောဂါအကြောင်းသိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်နယ်တီဘီ ရောဂါဆရာဝန်ကြီး ဒေါက်တာဦးကျော်ဇောကလည်းကောင်း ပြောကြားခဲ့သည်။ အခမ်းအနားတွင် တီဘီရောဂါအကြောင်းသိကောင်းစရာ ပြခန်းငယ်ကို ပြသထားခဲ့သည်။ **(မမလားရှိုး)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၂၆ ရက်)

တီဘီရောဂါအကြောင်း သိကောင်းစရာ

ကမ္ဘာတစ်ဝန်းလုံးရှိလူသားများ တီဘီရောဂါကိုသတိမူရေးအတွက် နှစ်စဉ် မတ် ၂၄ ရက်နေ့ကို ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်လျက် ကမ္ဘာတစ်ဝန်းတီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားများ ကျင်းပသည်။ ထိုနေ့သည်ကား တီဘီရောဂါပိုးကို စတင်တွေ့ရှိခဲ့သည့် ဂျာမန်သိပ္ပံပညာရှင် Dr. Robert Koch အားဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့ခြင်းဖြစ်၏။ ၎င်းသည်တီဘီရောဂါပိုးကို ၁၈၈၂ ခုနှစ် မတ် ၂၄ ရက်တွင် စတင်တွေ့ရှိခဲ့သည်။ တီဘီရောဂါသည် ရှေးနှစ်ပေါင်း ၆၀၀၀ ခန့်ကစပြီး ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါဂျာမန်သိပ္ပံပညာရှင်၏ အပတ်တကုတ်ကြိုးစားအားထုတ်မှုကြောင့် ယနေ့ ကမ္ဘာ့လူသားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော တီဘီရောဂါဖြစ်ပွားခြင်းမှ ကယ်တင်ပေးနိုင်ခဲ့သည်။ တီဘီရောဂါပိုးတွေ့ရှိမှုကိုအခြေခံပြီး ရောဂါပိုးသေစေနိုင်သည့် တီဘီရောဂါဆေးဝါးများကို ၁၉၄၇ ခုနှစ်တွင် စတင်ဖော်ထုတ်နိုင်ခဲ့သည်။

နှစ်စဉ်နှစ်တိုင်း ထိုနေ့ရောက်တိုင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြီးမှူးလျက် ဆောင်ပုဒ်များသတ်မှတ်ကာ ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ကို အစဉ်တစိုက်ကျင်းပလာခဲ့ခြင်းဖြစ်သည်။ ယခုနှစ်ဆောင်ပုဒ်မှာ "တစ်သက်တာ တီဘီကင်းဝေးရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး" (Stop TB in my Lifetime) ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့တီဘီတိုက်ဖျက်ရေးနေ့ကို ၁၉၉၆ ခုနှစ်မှ စတင်ကျင်းပပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၇၈ ခုနှစ်မှ စတင်၍ အခြေခံကျန်းမာရေး ဝန်ထမ်းများနှင့် ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုကို လေ့လာကြည့်လျှင် ၂၀၁၁ ခုနှစ်၌ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု ၈ ဒသမ ၄ သန်းရှိသည့်အနက် သေဆုံးသူ ၁ ဒသမ ၄ သန်းရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ တီဘီရောဂါဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၅၄ နှစ်အတွင်း ဖြစ်သည်ဟုဆိုသည်။ အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် ကမ္ဘာ့တီဘီရောဂါဖြစ်ပွားသည့် ၂၂ နိုင်ငံစာရင်းတွင် ပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

တီဘီရောဂါဖြစ်ပွားသူ ၈ ဒသမ ၄ သန်းရှိသည့်အနက်က ကျန်းမာရေးဌာနများသို့ လာရောက်ကုသမှုခံယူသူ ၆၀ ရာခိုင်နှုန်းသာရှိပြီး ကျန် ၄၀ ရာခိုင်နှုန်းသည် ဆေးကုသမှုခံယူခြင်းမရှိကြောင်းသိရသည်။ ယင်းအတွက် တီဘီရောဂါဖြစ်ပွားမှုသည် များပြားလာခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံတွင် တီဘီရောဂါဖြစ်ပွားသူ တစ်သိန်းလေးသောင်းကျော်ရှိပြီး ဆေးကုသပေးနိုင်ခဲ့သည်။

တီဘီရောဂါကူးစက်ခံရသူတစ်ဦးသည် ချောင်းဆိုးလျှင် ကြာရှည်စွာဆိုးတတ်သည်။ ချောင်းကြာရှည်စွာဆိုးသဖြင့် ချောင်းထဲတွင် သွေးများပါလာတတ်သည်။ မကြာခဏဖျားနာတတ်သည်။ အစားအသောက်များ မစားချင်၊ မသောက်ချင်ဖြစ်လာပြီး ခန္ဓာကိုယ်တဖြည်းဖြည်း ကိုယ်အလေးချိန်လျော့ကျလာသည်။ ထိုသို့ လက္ခဏာများတွေ့လျှင်တွေ့ချင်း နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ကာ ဆေးစစ်ဆေးမှုခံယူသင့်သည်။ တီဘီရောဂါဖြစ်ပွားနေပြီဆိုပါက သက်ဆိုင်ရာကျန်းမာရေးဆရာဝန်များ၏ မှာကြားချက်များအတိုင်း တစ်သဝေမတိမ်းလိုက်နာ၍ ဆေးသောက်ဆေးကုသမှု ခံယူသင့်ပေသည်။

ယခုအခါမြန်မာနိုင်ငံတွင် တီဘီရောဂါတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေပြီဖြစ်ရာ တီဘီရောဂါကူးစက်ခံနေရသူများ အမြန်ဆုံးရောဂါပျောက်ကင်းသက်သာစေရန် အထူးအလေးထား ကုသမှုကို ခံယူသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❒ *ကျောဖုံးမှ*

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က ၎င်းနှင့်အတူ ကြိုဆိုကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Thong Loun Sisoulith ဦးဆောင်သောဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်သမ္မတကလည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအား မိမိနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့သည် သမ္မတအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Thong Loun Sisoulith၊ သမ္မတရုံးဝန်ကြီး H.E. Mr. Phongsavath Boupha၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တိုးတက်ရေးဆိုင်ရာအစီအစဉ် များ ချမှတ်ထားပါကြောင်း၊ ၎င်းအစီအစဉ်များသည် ၂၀၁၅ ခုနှစ်မတိုင်မီ ဆင်းရဲမှုပပျောက်ရေးနှင့် ၂၀၂၀ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်ရေး ရည်မှန်းချက်အား အကောင်အထည်ဖော်ခြင်းပင် ဖြစ်ပါကြောင်း။

လာအိုနိုင်ငံအနေဖြင့် နှစ်နိုင်ငံချင်း၊ အာဆီယံတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတို့တွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ၂၀၁၂ ခုနှစ်တွင် (၉)ကြိမ်မြောက် အာဆီယံ-အီးယူ အစည်းအဝေးကို လက်ခံကျင်းပမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

တွေ့ဆုံဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်တို့ သမ္မတအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မိမိတို့နှစ်နိုင်ငံအကြား ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နယ်နိမိတ်ဆိုင်ရာ အစည်းအဝေးများ၊ နယ်ခြားအစည်းအဝေးများကျင်းပ၍ နယ်စပ် ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် အပြန်အလှန်ညှိနှိုင်းပြီး ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကျင်းပလျက်ရှိသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးများသည် အရေးကြီးသည့် အစည်းအဝေးများဖြစ်ရာ အစည်းအဝေးရလဒ်များကို လျင်မြန်စွာအကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်တွင် ငြိမ်းချမ်းမှုရှိပြီး ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်လိုအပ်မည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမှာ မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတား တည်ဆောက်ပြီးပါက ပိုမိုမြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့ အကြား စိုက်ပျိုးရေး၊ နှစ်ဖက်ကျွမ်းကျင်အဆင့်များ အပြန်အလှန် ညှိနှိုင်းခြင်းဖြင့် တစ်ဖက်နှင့်တစ်ဖက် အကျိုးရှိစေမှာ ဖြစ်ကြောင်း။

လာအိုနိုင်ငံ၏ ဖြတ်သန်းမှုတစ်လျှောက် မြန်မာနိုင်ငံမှ အကူအညီများ ပေးအပ်ခဲ့သည့်အတွက် မိမိနှင့် မိမိနိုင်ငံ၊ ပြည်သူများမှ ကျေးဇူးတင်ရှိပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့်လည်း မြန်မာအစိုးရနှင့် ပြည်သူများဒီမိုကရေစီစနစ်ဖော်ဆောင်အောင်မြင်ရေးအတွက် ကူညီမည်ဖြစ်ပါကြောင်း၊ လာအိုအနေဖြင့် မြန်မာနိုင်ငံအပေါ်ဒေသ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။
(သတင်းစဉ်)

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အဆွေတော်သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မိတ်ဆွေကောင်းဖြစ်သည့် သမ္မတအနေဖြင့် လာအိုသို့ အကြိမ်ပေါင်းများစွာ လာခဲ့သူတစ်ဦးဖြစ်ပါကြောင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး အပြန်အလှန် ကူညီလျက်ရှိသည့် မိတ်ဆွေများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် လမ်းစဉ် (၇)ရပ် ချမှတ်လျက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဒီမိုကရေစီ စနစ်သို့ လျှောက်လှမ်းနေပြီ ဖြစ်ပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများအတွက် ဝမ်းမြောက်ပါကြောင်း၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် ရှေးယခင်ကတည်းက ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လာကြသည့် နိုင်ငံများဖြစ်ရာ နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုများရှိကြပြီး အစိုးရနှင့် ပြည်သူများအကြား အောင်မြင်သည့် ပြယုဂ်အဖြစ် သန္ဓေတည်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက မိမိအနေဖြင့် လာအိုသမ္မတကြီးနှင့် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကပင် ခင်မင်ရင်းနှီးခဲ့ပြီး မိတ်ဟောင်းဆွေဟောင်းသဖွယ် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် လာအိုနိုင်ငံသို့ မကြာခဏလာရောက်ခဲ့ပြီးဖြစ်ရာ ဆွေမျိုးသားချင်းပမာ ရှုမြင်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နယ်စပ်ချင်း မိုင် ၁၄၀ ကျော် ဆက်စပ်လျက်ရှိသော်လည်း နှစ်နိုင်ငံအကြား မည်သည့်ပြဿနာမျှ မရှိပါကြောင်း၊ ကိစ္စရပ်များ ပေါ်ပေါက်လာပါက အပြန်အလှန်အားပေးထောက်ခံမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုမှာ နှစ်ပေါင်း (၆၀)နီးပါး ရှိပြီဖြစ်ပါကြောင်း၊ ယခု မိမိ၏ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်းဖြင့် ပြန်လည်နှုတ်ဆက်ပြောကြားသည်။

၎င်းနောက် လာအိုသမ္မတက အဆွေတော်၏ ယခုခရီးစဉ်သည် မိမိတို့ နှစ်နိုင်ငံအတွက် အရေးကြီးသည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ထိန်းသိမ်းနိုင်ရန် လာရောက်ခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအား အောင်မြင်စွာဦးဆောင်နိုင်ခဲ့သည့်အတွက် အဆွေတော်သမ္မတနှင့် အစိုးရအဖွဲ့အား ချီးကျူးဂုဏ်ပြုပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို ကြားသိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ထို့အပြင် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ဂုဏ်ယူပါကြောင်း၊ လာအိုနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှာ ပုံမှန်အခြေအနေရှိပါကြောင်း၊ လာအိုနိုင်ငံသို့ ပြည်ပမှ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် အနာဂတ်အတွက် အစီအစဉ် (၄)ရပ်ကို ချမှတ်ထားပါကြောင်း၊ (၁) မူဝါဒအတွေးအခေါ်ပိုင်းဆိုင်ရာ၊ (၂) လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ၊ (၃) နည်းစနစ် နှင့် အုပ်ချုပ်ရေးဆိုင်ရာ၊ (၄) စားဝတ်နေရေး တွင်းထွက်ပစ္စည်းထုတ်လုပ်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အတူ ခရီးသွားလုပ်ငန်း တိုးချဲ့ရေးနှင့် ဗီယင်ကျန်းနှင့် ရန်ကုန်မြို့အကြား တိုက်ရိုက် လေယာဉ်ပြေးဆွဲရေး အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပညာရေးကဏ္ဍတွင် နှစ်နိုင်ငံအကြား အပြန်အလှန် သင်ကြားပို့ချရေး ညှိနှိုင်းဆောင်ရွက်ရန် မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း၊ တွင်းနှင့် နိုင်ငံတကာနယ်ပယ်များ၌ ဆက်လက်ထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်ကိစ္စ၊ ၂၀၁၄ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်ကိစ္စတို့နှင့်ပတ်သက်၍ ဝမ်းမြောက်စွာ အားပေးထောက်ခံသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

တက်ရောက်အားပေး

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်တို့ နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် အဖွဲ့ဝင်များနှင့်အတူ မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဗီယင်ကျန်းမြို့ရှိ ခေတ္တတည်းခိုသည့် နိုင်ငံတော်ဧည့်ဂေဟာမှ ဝပ်တေး(Wattay) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား လာအိုနိုင်ငံ နိုင်ငံတော်သမ္မတရုံးဝန်ကြီး H.E. Mr. Phongsavath Boupha၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယင်ကျန်းမြို့ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုနိုင်ငံ နိုင်ငံတော်သမ္မတရုံးဝန်ကြီး H.E. Mr. Phongsavath Boupha နှင့် တာဝန်ရှိသူများက ဗီယင်ကျန်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈:၁၅	တိုင်းရင်းသားရိုးရာ တေးသံသာ
၈:၃၀	(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	International News

ညပိုင်း

၄:၀၀	စစ်ချီတေး၊စစ်သည်တေး
၄:၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၅၀	တပ်မတော်နေ့ဂုဏ်ပြု အစီအစဉ် ဂီတာအောင်ရှိန်၏ ဂီတာလက်သံ
၆:၀၀	ညနေခင်းသတင်း
၆:၂၀	ပြဒါးသေတစ်ဆွေဝ သံသေတစ်ပြည်ဝ
၆:၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၁၅)
၇:၂၀	**စိတ်အားထက်သန်ဆန္ဒအမှန်** လူမင်း၊ဖိုးသောကြာ၊မိုးဒီ၊ ရက်တယ်၊နန္ဒာလှိုင် (မြန်မာ့ရုပ်ရှင်လုပ်ငန်းမှစီစဉ် တင်ဆက်သည်)
၇:၃၅	ပြည်သူ့အတွက်တပ်မတော် (တစည်းတလုံးပူးပေါင်း ဆောင်ရွက် ခေတ်မီဒီမိုကရေစီ နိုင်ငံသစ်ဆီချီတက်)
၈:၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ ဘယ်လိုမဲပေးကြမှာလဲ (၆၇)နှစ်မြောက်တပ်မတော် နေ့ ဂုဏ်ပြုဇာတ်လမ်း **သားစဉ်မြေးမြစ်** (အပိုင်း-၁) အကယ်ဒမီဝေဠုကျော်၊မင်းထက်၊ ထူးခန့်ကျော်၊စိုင်းသီဟ၊အကယ်ဒမီ ပန်းဖြူ၊ခိုင်သင်းကြည်၊အကယ်ဒမီ စိုးပြည့်သဇင်၊ထက်ထက်ဆုလှိုင်၊ နန်းကလျာ (ဒါရိုက်တာ-ဟိန်းဇော်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် ခေတ္တတည်းခိုသည့် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊စစ်သံမှူးဗိုလ်မှူးချုပ်ဝင်းမောင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် လာအိုနိုင်ငံတွင် သင်တန်းတက်ရောက်နေသော မြန်မာသင်တန်းသားတို့နှင့် တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား သံအမတ်ကြီးနှင့်စစ်သံမှူးတို့ဦးဆောင်သော သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် သင်တန်းသားတို့က မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြရာ နိုင်ငံတော်သမ္မတက မေတ္တာဆုမွန်များ ပြန်လည်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဩဝါဒစကားပြောကြားရာတွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဆက်ဆံရေးကောင်းမွန်ခိုင်မာခဲ့ပြီး ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံဖြစ်ကြောင်း၊ ထို့အတူ နှစ်နိုင်ငံပြည်သူများသည် အယူဝါဒ၊ ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့စရိုက်ချင်း ဆက်စပ်တူညီမှုရှိပြီး အပြန်အလှန်ချစ်ခင်လေးစားမှုရှိသည့် မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှိရင်းစွဲနှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သံရုံး၊ စစ်သံရုံးမိသားစုများ အနေဖြင့်လည်း ချစ်ခင်စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်က ပေးအပ်ထားသည့် တာဝန်များကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ သံရုံးဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပြေပြစ်ချောမွေ့အောင် အလေးထားထိတွေ့ ဆက်ဆံဆောင်ရွက်သွားကြရန်နှင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကိုပါ ကျွမ်းကျင်အောင် လေ့လာသင်ယူကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ပေးအပ်ခဲ့

ထို့နောက် နိုင်ငံတော်သမ္မတက သံရုံးနှင့်စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် မြန်မာသင်တန်းသားတို့အတွက် ထောက်ပံ့ငွေများ၊ လက်ဆောင်ပစ္စည်းများနှင့်အတူ သံရုံးနှင့် စစ်သံရုံးများတွင် ဖမ်းယူကြည့်ရှုနိုင်ရန် Sky Net ရုပ်သံဖမ်းစက် ၁၀ စုံကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက မြန်မာ့ရိုးရာ အစဉ်အလာနှင့် အညီ ဂါရဝပြုကန်တော့ကြစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများတွင် မိုးရွာနိုင်

နေပြည်တော် မတ် ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်ပြောကြားသကဲ့သို့ မိမိတို့နှစ်နိုင်ငံမှာ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာတူညီမှုရှိပြီး နှစ်နိုင်ငံအကြား မည်သည့် ပြဿနာမျှမရှိပါကြောင်း၊ လာအိုတွင်အခက်အခဲပြဿနာများရှိပါက မြန်မာနိုင်ငံက ကူညီပေးခဲ့ပြီး၊ လာအိုနိုင်ငံကလည်းဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် မြန်မာဘက်က အမြဲရပ်တည်ပေးမှုများ ရှိပါကြောင်း၊ အခွင့်ကြုံခိုက် ၄င်းကူညီမှုများအတွက် ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း၊ ထို့အတူ မကြာသေးမီကာလအတွင်းက အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် ၂၀၁၄ ခုနှစ်၌ မြန်မာနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် လာအိုက မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ ယခုနှစ်ဆန်းပိုင်းက ကမ္ဘောဒီးယားနိုင်ငံ၌ပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးရန် ဝိုင်းဝန်းထောက်ခံပေးခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ လာအိုတွင် အဆွေတော်ဦးဆောင်သည့်အစိုးရ၏ စနစ်တကျစီမံအုပ်ချုပ်မှုကြောင့် တစ်နေ့တခြား တိုးတက်မှုများရှိလာသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

နိုင်ငံအားလုံးတွင် လူဦးရေတိုးလာပါက စားနပ်ရိက္ခာဖူလုံရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးသည် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ ဗီယက်နမ်နိုင်ငံတို့နှင့် ပူးပေါင်း၍ စပါးအထွက်တိုးမျိုးကောင်းများ ထုတ်လုပ်လျက်ရှိပါကြောင်း၊ လာအိုနိုင်ငံနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ဆန်စပါးထုတ်လုပ်ရာတွင် ပြည်တွင်းဖူလုံရေးအတွက်သာမက ပြည်ပသို့လည်း ရောင်းချနိုင်ရေးအတွက် နည်းစနစ်သစ်များနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် လာရောက်လေ့လာပါက ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးကိစ္စကိုလည်း မကြာမီကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ပါကြောင်း၊ အဆိုပါ တံတားဆောက်လုပ်ပြီးစီးပါက ဗီယက်နမ်နိုင်ငံ ဒါနန်းမှ လာအိုကိုဖြတ်၍ မြန်မာနိုင်ငံကို လာရောက်နိုင်မည်ဖြစ်ပါကြောင်း၊ မြောက်ဘက်သို့ ကွေ့လိုက်ပါက တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အထိ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ရထားလမ်းဖြစ်မြောက်ရေးအတွက် ဗီယက်နမ်နိုင်ငံကလည်း အကူအညီပေးမည်ဟု ပြောကြားခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား လေကြောင်းလမ်း ဆက်သွယ်နိုင်ပါကလည်း ခရီးသွားလုပ်ငန်းများ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လာအိုသမ္မတက ပြောကြားရာတွင် အဆွေတော်သမ္မတ ပြောကြားခဲ့သည့်အတိုင်း အပြည့်အဝ သဘောတူညီပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ကူညီဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်နှင့်ပတ်သက်၍ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံနယ်နိမိတ်ကိစ္စကို အလေးအနက်ထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကိစ္စကို မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အထူးစိတ်ဝင်စားပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် လာအိုထက် နည်းပညာသာလွန်မှုရှိပါကြောင်း၊ မိမိအနေဖြင့် ဝမ်းပန်းတသာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခင်ကရှိခဲ့သည့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခြင်းအတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ အဆွေတော်အား ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် (၉)ကြိမ်မြောက် အာဆီယံ-အီးယူအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားပါကြောင်းပြောကြားပြီး နိုင်ငံတော်သမ္မတက အဆွေတော်သမ္မတ၊ အစိုးရနှင့် လာအိုပြည်သူများ သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် နိဂုံးချုပ်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် နှစ်နိုင်ငံသမ္မတများရှေ့မှောက်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Sommad Pholsena တို့က မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား မြန်မာ-လာအို မဲခေါင်ချစ်ကြည်ရေး မြစ်ကူးတံတားဆောက်လုပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့သည် အဖွဲ့ဝင်များနှင့်အတူ သမ္မတအိမ်တော်ရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Pany Tathortou အား မတ် ၂၂ ရက် ညနေ ၅ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီး H.E. Mr. Phongsavath Boupha၊ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံလွှတ်တော်များ၏ရွေးကောက်တင်မြှောက်ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်(၃)ရပ်တို့ အပြန်အလှန်ထိန်းညှိဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မြန်မာနှင့်လာအို ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ရေး၊ မြန်မာနိုင်ငံလွှတ်တော်နှင့် အာဆီယံနိုင်ငံလွှတ်တော်များ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအပြန်အလှန် ကူညီအားပေးထောက်ခံမှု အစဉ်အလာကောင်းများကို အနာဂတ်တွင် ပိုမိုထိန်းသိမ်းမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

၎င်းနောက် လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်နာယကအား အခါသင့်အခွင့်သာပါက လာအိုနိုင်ငံသို့လာရောက်လည်ပတ်ပါရန် နိုင်ငံတော်သမ္မတမှတစ်ဆင့် ဖိတ်ကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mrs. Pany Tathortou တို့ ဗီယင်ကျန်းမြို့ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်မြင့်၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဖောင်နှင့်အတူ သမ္မတရုံးဝန်ကြီး H.E. Mr. Phongsavath Boupha၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ရှေးဦးစွာ လာအိုဝန်ကြီးချုပ်က သမ္မတကြီးနှင့်တကွ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များကို လာအိုအစိုးရနှင့် ပြည်သူများကိုယ်စား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် လာအိုသမ္မတကြီးနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ယခုထက် ပိုမိုတိုးမြှင့်နိုင်ရေးအတွက် အောင်မြင်စွာဆွေးနွေးနိုင်ခဲ့သည်ကို ဝမ်းမြောက်မိပါကြောင်းဖြင့် နှုတ်ခွန်းဆက်ပြောကြားရာ နိုင်ငံတော်သမ္မတကလည်း အဆွေတော်အား ယခုကဲ့သို့ ကျန်းကျန်းမာမာဖြင့် ပြန်လည်တွေ့ဆုံရသည့်အတွက် များစွာဝမ်းသာပါကြောင်း၊ မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ခင်မင်ရင်းနှီးခဲ့သောနိုင်ငံများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အလွန်ခင်မင်ရင်းနှီးသည့် ညီအစ်ကိုနိုင်ငံဖြစ်သည့်အတွက် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်းဖြင့် ပြန်လည်နှုတ်ခွန်းဆက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယင်ကျန်းမြို့ရှိ အညတရစစ်သည်ဗိမာန်၌ ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်

၎င်းနောက် လာအိုဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အစိုးရသစ်ပြောင်းသော်လည်း လာအိုနိုင်ငံအပေါ် သဘောထားမပြောင်းလဲသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနှင့် လာအိုနှစ်နိုင်ငံအကြားတွင် နယ်နိမိတ်မျဉ်းတစ်လျှောက်လုံခြုံရေး၊ နယ်စပ်ပြည်သူများ ကူးသန်းသွားလာရေး၊ စီးပွားရေးကိစ္စများ၌ ပူးပေါင်းဆောင်ရွက်မှုများတွင် ယခင်ကထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မဲခေါင်မြစ်ကိုဖြတ်ကျော်ပြီး တည်ဆောက်မည့်တံတားသည် အရှေ့အနောက်စီးပွားရေးလမ်းကြောင်းပေါ်တွင် တည်ရှိမည့် တံတားဖြစ်ရုံသာမက နှစ်နိုင်ငံချစ်ကြည်ရေး၏ ပြယုဂ်တစ်ရပ်ပင်ဖြစ်ပါကြောင်း၊ လာအိုနိုင်ငံအနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို အခြေတည်ပြီး အခြားနိုင်ငံတကာကိစ္စရပ်များ၌ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အကောင်အထည်ဖော်

ဆက်လက်၍ နိုင်ငံတော်သမ္မတက မြန်မာ-လာအိုနှစ်နိုင်ငံအကြား လေကြောင်းဆက်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း အကောင်အထည်မဖော်နိုင်သေးသည့်အတွက် ဆောလျင်စွာ အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ လာအိုနိုင်ငံ ဘောကဲယိုးနှင့် လွမ်နမ်သာပြည်နယ်များသည် ရှမ်းပြည်နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်မှုရှိသဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်သည်များကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မြန်မာနှင့် လာအိုနှစ်နိုင်ငံအကြား ဆက်သွယ်မည့် တံတားဆောက်လုပ်ရန်ကိစ္စကိုလည်း ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြီး လာအိုဝန်ကြီးချုပ်က အဆွေတော်သမ္မတကြီး၏ ပြောကြားချက်များအား သေချာစွာမှတ်သား၍ အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် နိဂုံးချုပ်ဆွေးနွေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ဗီယင်ကျန်းမြို့ရှိ အညတရစစ်သည်ဗိမာန်သို့ရောက်ရှိပြီး ဂူဗိမာန်အား ပန်းခွေချအလေးပြုသည်။ **(သတင်းစဉ်)**

မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ပါဝင်ဆွေးနွေး

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Bank for Investment and Development of Vietnam (BIDV) ရုံးချုပ်အဆောက်အအုံ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ပါဝင်ဆွေးနွေးကြသည်။

အဆိုပါဖိုရမ်တွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးအောင်သန်းဦးနှင့် ဦးသောင်းဝင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့သည် ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ Bank for Investment and Development of Vietnam (BIDV) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍတွင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

လက်မှတ်ရေးထိုး

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များ၏ တိုက်တွန်းအားပေးမှုဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ဆန်စပါးအခြေခံသော စက်မှုလုပ်ငန်းများ၊ သိုလှောင်ရုံများနှင့် ခေတ်မီဆန်စက်များ၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ဗီယက်နမ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ အလားတူ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးဖြစ်သည့် Vina Capital Group တို့သည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်း(၁၀၀) ရင်းနှီးမြှုပ်နှံရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ဟနွိုင်းမြို့ရှိ Bank for Investment and Development of Vietnam (BIDV) ရုံးချုပ် အဆောက်အအုံ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်နှင့် မြို့များ တည်ရှိမှု၊ အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ၊ စပါးစိုက်ပျိုးထွက်ရှိမှုနှင့် အဓိကသီးနှံကိုးမျိုး စိုက်ပျိုးမှု၊ လမ်းကွန်ရက်နှင့် တည်ဆောက်ဆဲတံတားစီမံကိန်းများ၊ ၂၀၁၁-၂၀၁၂ ဂျီဒီပီ အကောင်အထည်ဖော်နိုင်မှုနှင့် လူတစ်ဦးချင်းဝင်ငွေတို့ကို ပဏာမရှင်းလင်းတင်ပြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လယ်ယာ၊ သားငါး၊ သမဝါယမ၊ အသေးစားကုန်ထုတ်လုပ်မှုနှင့် ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မှု၊ ပုသိမ်မြို့ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဖွံ့ဖြိုးမှုဇုန်အကောင်အထည်ဖော်ရေးစီမံကိန်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့ တွေ့ဆုံပွဲအခမ်းအနားသို့ ကြွရောက်လာကြသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တကွ စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ လူမှုရေး အသင်းအဖွဲ့များအားလုံး စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်စီမံကိန်း၏ အမှတ် (၁၁) လမ်းမကြီးဖြစ်သော ပုသိမ်-ငပုတောလမ်းမကြီးပေါ်၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ပေပင်မြစ်ကူးတံတားဖွင့်ပွဲကို တက်ရောက်အားပေးရန် လာရောက်ခြင်း ဖြစ်ပါကြောင်း။

အားလုံးသိကြသည့်အတိုင်း မိမိတို့ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် အားလျော်စွာ မြစ်ချောင်းများ အလွန်ပေါများပြီး ကုန်းလမ်းနှင့် တစ်ဆက်တစ်စပ်တည်း သွားလာရန် ခက်ခဲသော နေရာဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ ငပုတောမြို့သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ရေလမ်းခရီးကိုသာ အားကိုးအားထားပြု သွားလာနေခဲ့ရပါကြောင်း၊ အနီးဆုံး ပုသိမ်မြို့သို့သွားရန် အချိန် ၄ နာရီလောက် ကြာမြင့်ခဲ့သော်လည်း ယခုအခါ ပုသိမ်-ငပုတောလမ်းမကြီး ဖောက်လုပ်ပေးလိုက်ခြင်းအားဖြင့် ပုသိမ်မြို့သို့ အချိန် ၁ နာရီခန့်ဖြင့် အရောက်သွားလာနိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ နေရာဒေသအသီးသီးကို အလွယ်တကူသွားလာနိုင်တော့မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ဤတံတားနှင့် လမ်းမပြီးခင်မှာပင် အမြန်ရေယာဉ်တစ်စင်းမှောက်ခဲ့သဖြင့် လူ့အသက်များဆုံးရှုံးခဲ့ရကြောင်း ကြားသိရသည့်အတွက် များစွာစိတ်မကောင်းဖြစ်မိပါကြောင်း၊ ဤတံတားကြီးကို (၁၀-၁-၂၀၁၁)ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တစ်နှစ်ကျော် အချိန်ယူတည်ဆောက်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ **ဧရာဝတီတိုင်းဒေသကြီးသည် ဆားလုပ်ငန်း၊ သစ်လုပ်ငန်း၊ ဆန်စပါးနှင့် ရေထွက်ကုန်များ အလျှံပယ်ထွက်ရှိရာ ဒေသဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ တိုးတက်မြင့်မားလာသည်နှင့်အမျှ ကုန်သွယ်စီးပွားရေးကောင်းမွန်လာမည်ဖြစ်သကဲ့သို့ မိဘပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစသော လူမှု-စီးပွားဘဝများသည်လည်း ဆက်စပ်တိုးတက်လာမည်ဖြစ်ပါကြောင်း။**

သဘာဝတရားအရ ရှောင်လွှဲမရနိုင်သော နာဂစ်မုန်တိုင်း ဖျက်ဆီးမှုအောက်တွင် အပြိုပြိုအလဲလဲ ဖြစ်ခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသသည် မုန်တိုင်းသင့်မိဘပြည်သူများ၏ အရှုံးမပေးဒူးမထောက်ခဲ့သော စိတ်ဓာတ်နှင့် ပြန်လည်ထူထောင် တည်ဆောက်ခဲ့ရာတွင် ဤတံတားကြီးသည်လည်း အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်နေပါကြောင်း၊ မြေအုတ်တို့ပြိုလေရာ ကျောက်အုတ်တို့နှင့် အစားထိုးကြမည်ဆိုသော ခံယူချက်သန္နိဋ္ဌာန်ဖြင့် မိမိတို့ ဧရာဝတီသားများ ပြန်လည်ရုန်းထ ရှင်သန်နိုင်ခဲ့ခြင်းသည်လည်း အချိန်တိုတိုအတွင်း မူလအခြေအနေထက် သာလွန်မြင့်မားသောအခြေအနေသစ်တစ်ရပ်ကို ရောက်ရှိလာနေပြီဖြစ်ပါကြောင်း၊ ယင်းမှာမိမိတို့အတွက် အဖိုးမဖြတ်နိုင်သော အတွေ့အကြုံတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းသင့်ဒေသကို မိမိတို့ပြန်လည်ထူထောင်ခဲ့ရသည့်အချိန်တွင် မုန်တိုင်းသင့်ပြည်သူများ၏ ရဲရင့်မှု၊ တစ်နိုင်ငံလုံးက တိုင်းရင်းသားမိဘပြည်သူများ အပါအဝင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ သွေးစည်းညီညွတ်မှု၊ ဒေသတွင်းမိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ စာနာနားလည် ပံ့ပိုးကူညီမှုများနှင့် ဘက်စုံထောင့်စုံ ဦးထမ်းပွဲထမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ကမ္ဘာအနှံ့တွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မိမိတို့နိုင်ငံသားများသည်လည်း တတ်နိုင်သမျှ ပြန်လည်ပံ့ပိုးကူညီခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ နာဂစ်မုန်တိုင်းပြန်လည်ထူထောင်ရေးတွင် မိမိတို့ မိဘပြည်သူများအနေဖြင့် ပရဟိတအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းအသီးသီးများ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါကြောင်း၊ ဤလုပ်ဆောင်ချက်၏ အကျိုးဆက်အနေဖြင့် အားနည်းသူကူညီရေး၊ လိုအပ်ချက်များ ဖြည့်ဆည်းရေး၊ ပရဟိတအဖွဲ့အစည်းများ နိုင်ငံတစ်ဝန်းလုံး၌ စဉ်ဆက်မပြတ် ပေါ်ထွက်လာနေပြီဖြစ်ပါကြောင်း။

ယနေ့အချိန်တွင် မုန်တိုင်းသင့်ဒေသများ၏ အသစ်တစ်ဖန် ပြန်လည်ရှင်သန်ရုန်းထနိုင်မှုကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ သို့သော်လည်း မိမိတို့ဧရာဝတီသားများ ဆက်ပြီးကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်း နင်းခြေဖျက်ဆီးခဲ့သော မြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခုလုံး ကမ္ဘာတစ်ဝန်းက အံ့ဩမင်သက်ရလောက်သည့် ရလဒ်ကောင်းများ စဉ်ဆက်မပြတ် ဖြစ်ပေါ်လာအောင် မိမိတို့ရှေ့ဆက်ပြီးလုံ့လဝီရိယ စိုက်ထုတ်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး ဤဒေသ၌ ရေနက်ဆိပ်ကမ်းကြီးတစ်ခု တည်ဆောက်နိုင်ရန် မိမိတို့စီစဉ် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပုသိမ်ဆိပ်ကမ်းကို အဆင့်မြှင့်တင်ပြီး ပြည်ပကို တိုက်ရိုက်တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် မြစ်ဝကျွန်းပေါ် စပါးကျီမှထွက်ရှိလာသော ဆန်စပါးကို တိုက်ရိုက်တင်ပို့ရောင်းချနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဤဒေသကြီးတစ်ခုလုံးတွင် အထူးစက်မှုဇုန်ကြီး(၃)ခု ထူထောင်နိုင်အောင် မိမိတို့ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ မုန်တိုင်းသင့်ဒေသကြီး၏ တစ်ချိန်တုန်းက မြင်ကွင်းနှင့် အခုအချိန် မြင်ကွင်းသည် သိသိသာသာ ကွဲပြားခြားနားနေပြီဖြစ်ပါကြောင်း။

ရှင်းလင်းတင်ပြ

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထိုအချိန်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌအနေဖြင့် ဧရာဝတီတိုင်းသားဖြစ်သည့် မိမိသည် မုန်တိုင်းသင့်ဒေသကြီး ဖရိုဖရဲဖြစ်ခဲ့ရသည့်အချိန်တွင် အခေါက်ခေါက်အခါခါ ဖြန့်ကြက်သွားလာပြီး အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင်လည်း အကြီးမားဆုံး သဘာဝဘေး အန္တရာယ်ကြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ဒီဒေသကို ပြန်ရောက်သည့်အခါ ထိုအချိန်က အခြေအနေများကို ပြန်မြင်ယောင်မိပါကြောင်း၊ လူပေါင်းတစ်သိန်း သုံးသောင်းကျော် သေဆုံး၊ ပျောက်ဆုံးခဲ့ရသကဲ့သို့ အသက်ရှင်သန် ကျန်ရစ်သူများသည်လည်း စားရေး၊ ဝတ်ရေး၊ နေရေး၊ အစစအရာရာ လိုအပ်ချက်ပေါင်းများစွာနှင့် ဒုက္ခမျိုးစုံ တွေ့ကြုံခဲ့ရပါကြောင်း၊ ရှောင်လွှဲမရနိုင်ခဲ့သော သဘာဝဘေးကြောင့် သေဆုံး၊ ပျောက်ဆုံးသွားခဲ့ရသည့် မိဘပြည်သူများအတွက် တကယ်ကို ကြေကွဲဝမ်းနည်းခဲ့ရသကဲ့သို့ အသက်ရှင်ကျန်ရစ်သူများအတွက် မိမိတို့လုပ်စရာများ အများကြီးရှိခဲ့ပါကြောင်း၊ သေဆုံးသွားခဲ့ရသူများအတွက် ဖြစ်ပေါ်ခံစားခဲ့ရသော ဝမ်းနည်းကြေကွဲမှုများကို အသက်ရှင်ကျန်ရစ်သူများအတွက် အစွမ်းကုန်ပေးဆပ်မှုများဖြင့် ဖြေသိမ့်ရမည်ဟု မိမိခံယူခဲ့ပါကြောင်း၊ ထို့ကြောင့် အသက်ရှင်ကျန်ရစ်သူတိုင်း ဆက်လက် အသက်ရှင်ရပ်တည်ရမည်ဆိုသော သန္နိဋ္ဌာန်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အရေးပေါ် ကယ်ဆယ်ရေးကာလတွင် နောက်ဆက်တွဲသေဆုံးမှုများ မရှိရလေအောင် ကြိုးစားခဲ့ကြပြီးနောက် အသက်ရှင်ကျန်ရစ်သူတိုင်း မူလအခြေအနေထက် သာလွန်မြင့်မားသည့် အခြေအနေသစ်ကို ရောက်ရမည်ဆိုသော ခံယူချက်ဖြင့် ပြန်လည်ထူထောင်တည်ဆောက်ခဲ့ပါကြောင်း၊ ယင်းအဆင့် ပြည့်ဝအောင်မြင်ပြီးနောက် နောင်တွင် ဤဒေသကြီးတစ်ခုလုံး သဘာဝအန္တရာယ်များကို ခံနိုင်ရည်ရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့်မျှော်မှန်းချက်ဖြင့် မိမိတို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လမ်းမကြီးများ၊ တံတားကြီးများသည်လည်း ဒေသဖွံ့ဖြိုးရေးအတွက် ယင်းမျှော်မှန်းချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သွားလာရေးကွန်ရက်များမှ စီးပွားရေး လမ်းကွန်ရက်များအဖြစ် ရောက်ရှိလာအောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မျှော်မှန်းကြိုးစား

အလုံးစုံ ပြည့်စုံကောင်းမွန်ခြင်း မရှိသေးသော်လည်း ဧရာဝတီတိုင်းဒေသကြီးသည် ခေတ်သစ်တစ်ရပ်ကို ဦးတည်ဖော်ဆောင်နေပြီဖြစ်ပါကြောင်း၊ မိမိတို့စီစဉ်နေပြီဖြစ်သည့် အထူးစက်မှုဇုန်ကြီး (၃)ခု ပေါ်ထွန်းလာချိန်တွင် ဤတိုင်းဒေသကြီး၏ အခြေအနေသည် တစ်မှုဟုတ်ချင်းပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုကြောင့် ရန်ကုန်၊ မန္တလေး အစရှိသည့် နေရာဒေသများ၊ ပြည်ပနိုင်ငံများကို သွားရောက်လုပ်ကိုင်ခဲ့ကြရသည့် မိမိတို့ လူငယ်များသည် ဤဒေသအတွင်း၌ပင် အိုးမကွာ အိမ်မကွာ လုပ်ကိုင်နိုင်ကြတော့မည်ဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုပြီးပေါ်ထွန်းလာတော့မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးမှ လူငယ်လူရွယ်များ ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ခေတ်မီနည်းပညာများ၊ အတတ်ပညာများ၊ ကျွမ်းကျင်မှုများ အပတ်တကုတ်သင်ယူလေ့လာပြီး အရည်အချင်းကို မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း၊ မိရိုးဖလာလယ်ယာ ကုန်ထုတ်လုပ်မှုကို ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များနှင့် ပေါင်းစပ်ပြီး စက်မှုလယ်ယာအဖြစ်သို့ ကူးပြောင်းရောက်ရှိလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လယ်ယာထွက်ကုန်များကို ကုန်ကြမ်းအဖြစ် တိုက်ရိုက်ရောင်းချသည့်အနေအထားမှ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်အောင် မျှော်မှန်းကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း။

မိမိသည် ဤတိုင်းဒေသကြီး၌ သာမန်မိဘနှစ်ဦးမှ မွေးဖွားကြီးပြင်းလာခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခု အခမ်းအနားသို့ တက်ရောက်လာသောလူငယ်များနည်းတူ မိမိသည် ဤထက်ပိုပြီး ဝေးလံခေါင်သီသော ကားလမ်း၊ ဆေးရုံ၊ ဆေးခန်းနှင့် စာသင်ကျောင်းတောင် ကောင်းကောင်းမရှိသည့် ကျေးရွာတစ်ရွာ၌ မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်ပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတဖြစ်လာသော်လည်း မိမိမွေးရပ်မြေမှာ ယခင်ကအတိုင်း တိုးတက်မှုနှေးကွေးနေပါသေးကြောင်း၊ မိမိသည် နိုင်ငံသူနိုင်ငံသား မိဘပြည်သူများအားလုံး၏ အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်နေသည့် နိုင်ငံတော်အကြီးအကဲဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတွက်၊ မိဘပြည်သူအားလုံးအတွက် မိမိကြိုးပမ်းထမ်းဆောင်နေရခြင်း ဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတာဝန်ဖြစ်ပါကြောင်း၊ မွေးဇာတိဒေသတစ်ခုတည်းအတွက်မဟုတ်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်နေသည်ကို သိမြင်နားလည် သဘောပေါက်စေလိုပါကြောင်း။

မိမိတို့ငယ်ငယ်က ပညာသင်ကြားရမှုမှာ သိပ်ကိုခက်ခဲပါကြောင်း၊ ခက်ခဲကြမ်းတမ်းသော ကျေးလက်ဒေသ၌ ကြီးပြင်းလာခဲ့သည့် မိမိသည် မိဘပြည်သူများ၏ဘဝကို အားလုံးနီးပါး ကိုယ်တိုင်ဖြတ်သန်း သိရှိထားပါကြောင်း၊ ထိုသို့ သိရှိထားခဲ့သည့် ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံ များကြောင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို မိမိသမ္မတသက်တမ်းတွင် ပထမဦးစားပေးအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးသော မိဘပြည်သူများအားလုံး ဆင်းရဲတွင်းမှ ရုန်းထွက်လွတ်မြောက်စေချင်သည်မှာ မိမိ၏ဆန္ဒဖြစ်ပါကြောင်း၊ ဤဆန္ဒပြည့်ဝလာအောင်လည်း မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားရန် မိမိသန္နိဋ္ဌာန်ချထားပြီးသားဖြစ်ပါကြောင်း။

ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် ဒေသတွင်းနိုင်ငံများကို တိုးတက်သည့်ဘဝရောက်ရှိအောင် အကြံဉာဏ်များပေးခဲ့၊ ပါဝင်ဆောင်ရွက်ခဲ့သော အဓိကပညာရှင် ပုဂ္ဂိုလ်ကြီးများထဲတွင် မိမိတို့နိုင်ငံသားများ ပါခဲ့ပါကြောင်း၊ နိုင်ငံတကာ အာကာသသိပ္ပံနည်းပညာနယ်ပယ်အထိ မိမိတို့နိုင်ငံသားပညာရှင်များ ကမ္ဘာအနှံ့အပြားတွင် ရှိနေကြပါကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများသည် မိမိနိုင်ငံကို တတ်နိုင်သမျှ အလုပ်အကျွေးပြုကြရန် ပြန်လာနေကြပြီဖြစ်ပါကြောင်း၊ ၎င်းတို့၏ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများ၊ အကြံဉာဏ်များသည် မိမိတို့အတွက် တန်ဖိုးမဖြတ်နိုင်သော အင်အားစုများပင်ဖြစ်ပါကြောင်း၊ ကျန်ရှိနေသေးသော မိမိတို့ နိုင်ငံသားများအတွက် မိမိတို့တံခါးဖွင့်ထားပါကြောင်း၊ ပြန်လာကြပါ၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါဟူ၍ အမြဲတမ်းကြိုဆိုနေပါကြောင်း။

အလားတူ ပြည်တွင်းမှာရှိသည့် မိမိတို့လူငယ်များကြိုးစားကြရန် လိုပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်နေတုန်းပင်ဖြစ်ကြောင်း၊ အနာဂတ်တွင် မိမိတို့မြန်မာနိုင်ငံ လူရှိသေ ရှင်ရှိသေ ထိပ်တန်းနိုင်ငံဘဝကိုရောက်နိုင်ရန် ယနေ့မိမိတို့လူငယ်များ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးမရရှိနိုင်သေးသည့်အစွန်အဖျားမှ မိမိတို့၏ တိုင်းရင်းသားလူငယ်များအပါအဝင် ယနေ့လူငယ်များသည် အနာဂတ်မြန်မာနိုင်ငံ၏ ခေါင်းဆောင်များပင် ဖြစ်ပါကြောင်း၊ နိုင်ငံတည်ဆောက်ရေး မဟာဗျူဟာသည် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ကိုပါ လွှမ်းခြုံစဉ်းစားသုံးသပ်ပြီး ဖော်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ ဤလူငယ်ထုကြီးကို မိမိတို့မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးများ၊ အရည်အချင်းများ မြင့်မားလာအောင် မိမိတို့ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ယင်းလူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရမည်ဖြစ်ပါကြောင်း၊ အနာဂတ်ခေါင်းဆောင်မျိုးဆက်သစ်များ တိုးတက်မြင့်မားရန် မိမိတို့ မျိုးဆက်ဟောင်းများ၏ ပခုံးဖြင့် ထမ်းတင်ပေးရမည်ဖြစ်ပါကြောင်း၊ နောက်နှစ်များတွင်လည်း လူငယ်များ အနာဂတ်အတွက် အရေးကြီးသောပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များ မြှင့်တင်ပေးသွားမည်ဖြစ်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများနှင့်လည်း လူငယ်များ၏ အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မိမိ ပြည်ပနိုင်ငံများသို့သွားရောက်သည့်အခါတိုင်းတွင် ထိုနိုင်ငံများရှိ ထင်ရှားကျော်ကြားသည့် တက္ကသိုလ်ကြီးများတွင် မိမိတို့လူငယ်များ သင်ကြားခွင့်ရအောင် မိမိအမြဲတမ်းအဆိုပြုခဲ့ပါကြောင်း၊ မိမိတို့လူငယ်များ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးသည် မိမိတို့၏နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတစ်ခုပင် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ထိပ်တန်းဦးစားပေးအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် ဆန်စပါးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၌ ပုဂ္ဂလိကကဏ္ဍ၏ လုပ်ပိုင်ခွင့်မြှင့်တင်ပေးပြီး ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ စိုက်ပျိုးရာတွင် မရှိမဖြစ်လိုအပ်သည့် သွင်းအားစုများ၊ အရင်းအနှီးများ ပံ့ပိုးကူညီနိုင်အောင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရိတ်သိမ်းချိန်တွင် ထိုက်တန်သည့် အကျိုးအမြတ်များ ခံစားနိုင်စေအောင်လည်း ဈေးနှုန်းအာမခံ ဝယ်ယူသည့်စနစ်ကို စမ်းသပ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူမှသည် ပြည်ပတင်ပို့ရောင်းချသူအထိ အလွှာစုံပါဝင်သော အများပိုင်ကုမ္ပဏီ ဖွဲ့စည်းဆောင်ရွက်သွားရန်လည်း လုပ်ဆောင်နေပြီ ဖြစ်ပါကြောင်း၊ အားလုံးပြည့်စုံပြီဟု မဆိုနိုင်သေးသော်လည်း မိမိတို့အနေဖြင့် တွေ့ကြုံလာသည့် အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းသွားကြရမည် ဖြစ်ပါကြောင်း၊ ယခုနှစ်ဆိုလျှင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ ပိုးမွှားအန္တရာယ်ကျရောက်မှု စသည်တို့ကြောင့် သီးနှံအများအပြား အထွက်နှုန်းလျော့ကျခြင်း၊ အရည်အသွေး လျော့နည်းကျဆင်းခြင်းများလည်း ကြုံတွေ့ခဲ့ရသည့်အတွက် ထိုက်သင့်သည့်ဈေးနှုန်း မရရှိခြင်းများလည်း ရှိနေပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

26-3 (06).pmd 1 3/26/2012, 2:53 AM

စာမျက်နှာ ၆ မှ

လယ်ယာကဏ္ဍတွင် အဓိကကျသည့် သွင်းအားစုများအပိုင်း၌ ဓာတ်မြေဩဇာဆိုလျှင် အစိုးရက ထုတ်ပေးနေသော်လည်း လုံလောက်မှုမရှိပါကြောင်း၊ အကျိုးဆက်အားဖြင့် လိုအပ်သည့် ဓာတ်မြေဩဇာများကို ပြည်ပနိုင်ငံများမှ တင်သွင်းပြီး တောင်သူလယ်သမားများအနေဖြင့် ဈေးကြီးပေးဝယ်ယူနေရသကဲ့သို့ အချို့သောသွင်းအားစုများမှာ အရည်အသွေးမပြည့်မီခြင်း၊ မှန်ကန်မှုမရှိခြင်းများလည်း မိမိတို့ တောင်သူလယ်သမားများ တွေ့ကြုံနေကြရပါကြောင်း၊ ယင်းအတွက်လည်း လယ်ယာကုန်ထုတ် သမဝါယမအသင်းများ အပါအဝင် တောင်သူလယ်သမားများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ကူညီဖြေရှင်းပေးနိုင်မည့် တောင်သူလယ်သမားများ ကိုယ်တိုင်ပါဝင်သည့် အသင်းအဖွဲ့များ တိုးမြင့်ပေါ်ပေါက်လာရန် အရေးကြီးပါကြောင်း။

စိုက်စရိတ်ထုတ်ပေးချိန်တွင် လယ်သမားများအနေဖြင့် စိုက်ပျိုးပြီး ဖြစ်နေသည့်အတွက် အချိန်လွဲချော်မှုများရှိခဲ့ခြင်းများလည်း မိမိတို့သိရှိထားပါကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်ရမည့် အချိန်များတွင် အထူးပြုကုမ္ပဏီများ၊ မိမိတို့အစိုးရဌာနများအနေဖြင့် ပေးဆပ်ရမည့် အချိန်များ နောက်ဆုတ်ပေးခြင်းများလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း ကျဆင်းခဲ့သည့်အတွက် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ၊ စိုက်ပျိုးထုတ်လုပ်သူ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများ ထိခိုက်နစ်နာမှုများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ဆန်စပါးနည်းတူ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး နယ်ပယ်တွင်လည်း အလားတူထိခိုက်နစ်နာမှုများ ကြုံတွေ့ခဲ့ရပါကြောင်း၊ မိမိတို့၏ ပုံမှန်ပြည်ပဝယ်လက် နိုင်ငံများဘက်က ဈေးကွက်မသေချာမရေရာမှုများ ဖြစ်ပေါ်လာသည့်အချိန်တွင် မိမိတို့ တောင်သူလယ်သမားများ ထိခိုက်နစ်နာရသည့်အတွက် အခြားသောဈေးကွက်အသစ်များရရှိလာအောင် ဈေးကွက်ရှာဖွေရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်နေပါကြောင်း၊ အလားတူ ပြည်တွင်း၌ ထုတ်လုပ်နေသည့် စားသောက်ကုန်ထုတ်လုပ်သူများအနေဖြင့်လည်း ဤအကျိုးဆက်ကို တွေ့ကြုံရင်ဆိုင်ခဲ့ကြရပါကြောင်း၊ပြီးလျှင် ပို့ကုန်လုပ်ငန်းရှင်များလည်း နောက်ဆက်တွဲ တွေ့ကြုံရင်ဆိုင်ရခြင်းဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်မှုကွင်းဆက်ကြီးတစ်ခုလုံးသည် ဆက်စပ်ခံစားကြရပါကြောင်း။

မိမိတို့အနေဖြင့် ငွေကြေးလဲလှယ်မှုနှုန်းထား သင့်တော်မှန်ကန်ကောင်းမွန်စေရန် ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ခဲ့ရာတွင် မကြာခင်ကာလအတွင်း တည်ငြိမ်သည့် နှုန်းထားတစ်ခု သတ်မှတ်နိုင်တော့မည် ဖြစ်ပါကြောင်း၊ နှုန်းထားတစ်ရပ် သတ်မှတ်ရန်ဆိုသည်မှာ မိမိတို့ဘာသာ ဆောင်ရွက်မည်ဆိုလျှင် အချိန်တိုတိုအတွင်း ရရှိလာမည်ဖြစ်သော်လည်း နိုင်ငံတကာငွေကြေးဈေးကွက်ကုန်သွယ်မှုနှင့် ငွေကြေးလွှဲပြောင်းမှုများတွင် ရေရှည်တည်ငြိမ်မှု၊ အကျိုးဖြစ်ထွန်းမှု၊ နိုင်ငံတကာက စိတ်ချယုံကြည်မှု၊ ခိုင်မာမှုရှိစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် အချိန်ယူပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

တစ်ဖက်တွင်လည်း လယ်လုပ်သူတိုင်း လယ်ပိုင်ဆိုင်ခွင့် ရရှိရန်အတွက် လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေများကို ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲပြီး ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနေကြပြီ ဖြစ်ပါကြောင်း၊ ထိုဥပဒေများသည် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် စဉ်းစားရေးဆွဲထားသော်လည်း ဘက်စုံပြီးပြည့်စုံသည့် အဆင့်အထိ ရောက်ရှိလာအောင် ပြောင်းလဲလာမှုများနှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း။

အလုပ်သမားဥပဒေများ ပြဋ္ဌာန်းပြီးသည့်အပြင် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းနိုင်မည့် နည်းဥပဒေများကိုလည်း ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ ရာခိုင်နှုန်းအများစုဖြစ်သည့် မိမိတို့၏ တောင်သူလယ်သမားများ၊ အလုပ်သမားများ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုးတက်မြင့်မားလာအောင်၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်း လုပ်ကိုင်သူများ၊ အခွင့်အလမ်းများ တိုးမြှင့်ရရှိလာအောင် တိုင်းဒေသကြီးအစိုးရများအနေဖြင့်လည်း အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် တစ်ဆက်တည်း မှာကြားလိုပါကြောင်း၊ ဥပဒေနှင့်အညီ ကောင်းမွန်သော အုပ်ချုပ်ရေးဖော်ဆောင်ကြရာတွင် ဥပဒေကို ခုတုံးလုပ်မှုများ ရှောင်ကြဉ်ကြရန်၊ ဥပဒေကို အကောက်အယူ လွဲမှားခြင်းများ မရှိကြစေရန် သတိပြုကြရန် လိုပါကြောင်း၊ မိမိတို့နိုင်ငံသားများ ဥပဒေနှင့်အညီ တန်းတူရည်တူ လုံခြုံမှုရှိရှိ စိတ်အေးချမ်းသာ နေထိုင်လုပ်ကိုင်နိုင်ကြရန် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်ပြောင်းချိန်၊ ခေတ်ပြောင်းချိန်နှင့်အညီ အထူးသတိပြုဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မှာကြား

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးအာဏာ ကျင့်သုံးဖော်ဆောင်သွားကြရန် အရေးကြီးပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် ရသုံးမှန်းခြေငွေစာရင်းမှအစ မိမိတို့ပြည်ထောင်စုအစိုးရက ဦးစီးဆောင်ရွက်ခဲ့သော်လည်း ယခုလာမည့် ဘဏ္ဍာရေးနှစ်မှစတင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များကိုယ်တိုင်တွက်ချက်လျာထားမှုများ ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် အခွင့်အာဏာခွဲဝေမှု ပိုမိုတိကျခိုင်မာ ထင်ရှားလာအောင်၊ တိုင်းဒေသကြီး/ ပြည်နယ်များကို အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ကျင့်သုံးနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ ဤနေရာတွင် အောက်ခြေ၌ ရှိနေကြသည့် အုပ်ချုပ်ရေးဝန်ထမ်းများ အထူးပင် အရေးကြီးပါကြောင်း၊ မိဘပြည်သူများ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို ပြည့်ပြည့်ဝဝ ခံစားရရှိနိုင်ကြရန် အလေးအနက်ထား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များလည်း ပီပီပြင်ပြင်လုပ်ဆောင်ကြရန် လိုအပ်မည် ဖြစ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးစားပြုမှု၊ မလျော်မကန် ပြုလုပ်မှုများနှင့်ပတ်သက်၍လည်း အသိပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အတူ ပေါက်ဖွားလာခဲ့သည့် အကျင့်ပျက်ခြစားမှုများသည် မိဘပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေရုံသာမက နိုင်ငံတည်ဆောက်ရေးအတွက်လည်း အတားအဆီး အနှောင့်အယှက်များ ဖြစ်နေပါကြောင်း၊ ယင်းဆူးငြောင့်များဖယ်ရှားနိုင်မှ လျှောက်လှမ်းရသည့်လမ်းခရီး ချောမွေ့လာမည်ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လူသိရှင်ကြား ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်း မိမိတို့အစိုးရလက်ထက်၌ ကျူးလွန်မှုနှင့်အညီ အရေးယူ အပြစ်ပေးမှုများ ဆောင်ရွက်နေပါကြောင်း၊ မိမိပြောခဲ့ပြီးဖြစ်သည့်အတိုင်း စေတနာအမှားဆိုလျှင် နားလည်လက်ခံပေးနိုင်သော်လည်း ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်မှုများကိုတော့ ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင်လည်း ကျူးလွန်ပေါ်ပေါက်မှုအတိုင်း ဥပဒေအရ ထိထိရောက်ရောက် အရေးယူလျက်ရှိပါကြောင်း၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့်လည်း မိဘပြည်သူများ စိတ်ကျေနပ်မှု စိတ်ချမ်းသာမှုကို အလေးထားဆောင်ရွက်ပေးကြပါ၊ ဥပဒေနှင့်အညီ ကောင်းမွန်သောအုပ်ချုပ်ရေးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးကြပါဟု အလေးအနက်ထားပြောကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မကြာခင်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌအနေဖြင့် သန့်ရှင်းလွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းအပါအဝင် အခက်အခဲများရှိနေသော်လည်း နိုင်ငံရေးပါတီများ ထိခိုက်နစ်နာမှုမရှိရလေအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်ကိုလည်းတွေ့ရှိရပါကြောင်း၊ အမှန်တကယ်တွင် သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ပေါ်လာရန်မှာ ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းဖြင့် မလုံလောက်ပါကြောင်း၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများအပြင် မိမိတို့အစိုးရ၊ မီဒီယာများ၊ မိဘပြည်သူများအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ပံ့ပိုးကူညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး၊ မဲစာရင်း၌ပါရှိရေးအတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်ကြရန် နိုင်ငံရေးပါတီများကလည်း မိမိတို့စည်းရုံးထားသည့်မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါရှိရေး ကူညီဆောင်ရွက်ကြရန် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ပါကြောင်း၊ မဲစာရင်းပြုစုရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့ခြင်းလည်း တွေ့ရှိရပါကြောင်း၊ မဲစာရင်းများ ပြုစုရာ၌လည်း မလိုလားအပ်သည့် မှားယွင်းမှုအချို့ တွေ့ရှိလာရသည့်အတွက် နောက်ဆုံး အတည်ပြုရက်စွဲကို (၂၄-၃-၂၀၁၂)ရက်နေ့အထိ သတ်မှတ်ရက် နောက်ဆုတ်ပေးခဲ့ပြီး နိုင်ငံရေးပါတီများ နစ်နာမှုမရှိရေး၊ မဲဆန္ဒရှင်ပြည်သူများ နစ်နာမှုမရှိရေးအတွက် လိုက်လျောဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း။

ရွေးကောက်ပွဲများ၏ ထုံးစံအရ ရှုံးသူနှင့်နိုင်သူ ထွက်ပေါ်လာမည်ဖြစ်သော်လည်း ထွက်ပေါ်လာသည့်ရလဒ်ကို အားလုံးက ကျေနပ်လက်ခံနိုင်အောင် နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ မိဘပြည်သူများ၏ အဆုံးအဖြတ်ကို ခံယူကြရာတွင် အရှုံးကို တွေ့ကြုံရသော်လည်း ရှုံးနိမ့်မှုကို ခံယူတတ်ရန်၊ နားလည်တတ်ရန် အရေးကြီးပါကြောင်း၊ မိဘပြည်သူများ၏ ဆုံးဖြတ်ချက်သည်အဓိကဖြစ်သည်ကို နိုင်ငံရေးပါတီများအနေဖြင့် နားလည်ယုံကြည်ထားကြရန်လည်း လိုအပ်ပါကြောင်း။

ဤကြားဖြတ်ရွေးကောက်ပွဲများကို သက်ဆိုင်ရာ ကော်မရှင်အနေဖြင့် လွတ်လပ်တရားမျှတပြီး သန့်ရှင်းအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မိမိတို့အစိုးရ အနေဖြင့်လည်း မှတ်ကျောက်တင်ခံသည့်အနေဖြင့် နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများ လာရောက်နိုင်ရန် ဖိတ်ခေါ်ထားပြီး ဖြစ်ပါကြောင်း၊ထို့အပြင် အစိုးရသစ်လက်ထက်၌ ပထမဆုံးကျင်းပမည့် ဒီရွေးကောက်ပွဲကို တစ်ကမ္ဘာလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြမည် ဖြစ်ပါကြောင်း၊ ထိုသို့ နိုင်ငံတကာမှ စောင့်ကြည့်ကြမည့် ကြားဖြတ်ရွေးကောက်ပွဲ လွတ်လပ်တရားမျှတပြီး သန့်ရှင်းစင်ကြယ်ရန်အတွက် မိမိတို့ နိုင်ငံသားအားလုံးက ပံ့ပိုးကူညီကြရန်လိုပါကြောင်း၊ ပံ့ပိုးကူညီကြသည့်နေရာတွင်လည်း ကော်မရှင်၏ လူအင်အား၊ ငွေကြေး၊ နည်းပညာဆိုင်ရာ အခက်အခဲများကို သိရှိနားလည်ပြီး ဝင်ရောက်စွက်ဖက်ရာ မရောက်အောင်၊ အဟန့်အတားပြုရာ မရောက်အောင် သတိပြုကြရန် ကော်မရှင်၏လုပ်ငန်းတာဝန်များ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းကူညီဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနများ e-government စနစ်ကို ဆက်လက်ဖော်ဆောင် ဝန်ထမ်းများအား လေ့ကျင့်ပျိုးထောင်သည့် လုပ်ငန်းများ စတင်ဆောင်ရွက်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးသို့ ရောက်ရှိလာရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့်ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ e-government လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် ခေတ်မီ ICT နည်းပညာကို အသုံးပြုပြီး ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန်နှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှု မြန်ဆန်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် website သုံးခု၊ အပတ်စဉ်ထုတ် စီးပွားရေးဂျာနယ်တစ်စောင်၊ လစဉ်ထုတ်စီးပွားရေးဂျာနယ်တစ်စောင်နှင့် Software Application (၁၁)ခုတို့အား အသုံးပြုဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် သွင်းကုန်လုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းက မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် website များ၊ Software Application များ၊ Computer ကွန်ရက် တည်ဆောက်ထားရှိမှုနှင့် video conferencing စနစ်ဖြင့် အစည်းအဝေး ကျင်းပနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်နှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့

26-3 (07).pmd 1 3/26/2012, 2:53 AM

(၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၇)နှစ်

ထာဝရငြိမ်းချမ်းရေးမှသည် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးသို့

ကမ္ဘာပေါ်ရှိ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံမှန်သမျှသည် နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ကို ထူထောင်ထားကြရသည်။ နိုင်ငံတည်တံ့ခိုင်မြဲရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ လက်နက်ကိုင်အင်အားတစ်ရပ်ကို အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတိုင်းက မလွဲမသွေ ထူထောင်ထားရှိရန် လိုအပ်ပေသည်။

တပ်မတော်ဟူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအတွက် အသက်တမျှ အရေးပါလှသော အမျိုးသားရေးအကျိုးစီးပွားဆိုင်ရာကိစ္စများကို ဦးလည်မသုန် ထမ်းဆောင်ရသော အဖွဲ့အစည်းပင်ဖြစ်သည်။ ပါတီနိုင်ငံရေးနှင့် မစပ်ယှက်၊ မပတ်သက်၊ မဆက်နွှယ်ဘဲ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ရွက်လျက် ဦးဆွေးဆံမြည့် ထမ်းဆောင်ရသောအဖွဲ့အစည်းကြီးဖြစ်သည်။

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေးတည်းဟူသော နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်ချက်မှန်သမျှကို အခိုင်အမာ ကာကွယ်စောင့်ရှောက်ဖြည့်ဆည်းသွားရန်မှာ တပ်မတော်၏ အဓိကတာဝန်ပင်ဖြစ်သည်။ ထို့အတူပင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် နယ်ဘက်အာဏာပိုင်များကို လိုအပ်သလို ကူညီပေးရသည့် တာဝန်ကိုလည်း ထမ်းဆောင်ရသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှန်းဖြင့် ကမ္ဘာ့အလယ် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဘီစီ (၃) ရာစုခန့်မှစ၍ ဗိဿနိုး၊ ဟန်လင်း၊ သုဝဏ္ဏဘူမိ၊ တကောင်း၊ ဝေသာလီ၊ သရေခေတ္တရာစသည်ဖြင့် ပဒေသရာဇ်နိုင်ငံများ ထူထောင်၍ ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်နေထိုင်ခဲ့သည့် လွတ်လပ်သော နိုင်ငံဖြစ်သည်။

ပုဂံပြည့်ရှင်အနော်ရထာမင်းက ပြန့်ကျဲနေသော ဒေသများကို စုစည်းကာ ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည်။ တောင်ငူကို အခြေပြု၍ ဘုရင့်နောင်မင်းတရားက အစည်းပြေနေသောဒေသများကို ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။ ရွှေဘိုကို အခြေပြု၍ အလောင်းမင်းတရား ဦးအောင်ဇေယျက တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ထိုခေတ် ထိုကာလများသည် မြန်မာတို့၏ သမိုင်းဝင်ရွှေခေတ်များပင်ဖြစ်သည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုအားကောင်းခဲ့သည်။ အင်အားတောင့်တင်းခိုင်မာသော လက်နက်ကိုင်အင်အားသို့မဟုတ် မြန်မာ့တပ်မတော်ရှိခဲ့သည်။

(၁၉)ရာစုတွင် နယ်ချဲ့ဗြိတိသျှတို့က အိန္ဒိယနိုင်ငံကို ၎င်းတို့၏ အင်ပါယာအတွင်း သွတ်သွင်းခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်၊ ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ်ပွဲ သုံးကြိမ်ဆင်နွှဲကာ ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ နယ်ချဲ့တို့၏ကျူးကျော်မှုကြောင့် ထီးကျိုးစည်ပေါက်ဖြစ်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွှတ်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

ဗြိတိသျှတို့နှင့် စစ်ပွဲသုံးကြိမ်ဆင်နွှဲပြီး မြန်မာတို့ ရှုံးနိမ့်ခဲ့ရသည့် အကြောင်းရင်းကို ဆန်းစစ်ပါက တိုက်ပွဲတွင် ကိုင်ဆောင်အသုံးပြုသည့် သေနတ်လက်နက်ကွာဟခြင်း၊ ခေတ်မီသေနတ်လက်နက်များနှင့် ကိုက်ညီမည့် စစ်မဟာဗျူဟာနှင့် စစ်နည်းဗျူဟာ အားနည်းခြင်း၊ သိပ္ပံပညာနှင့် စက်မှုအတတ်ပညာထွန်းကားမှု ကွာဟခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ကြောင်းတွေ့ရှိရသည်။ ထိုခေတ်က မြန်မာ့တပ်မတော်တွင် အသုံးပြုသော သေနတ်များမှာ ယမ်းစိမ်ထားသည့် မီးစာကြိုးမှတစ်ဆင့် မီးကူးပစ်ခတ်ရသော မက်ချလော့ (MATCH LOCK) အဆင့်ရှိသေနတ်များသာဖြစ်သည်။

ဗြိတိသျှတပ်များက ထိုမက်ချလော့သေနတ်ကိုမသုံးတော့ဘဲ ၁၆၉၀ ပြည့်နှစ် ဧပြီလ ၁၄ ရက်နေ့ကပင် ပယ်ဖျက်ခဲ့ကြောင်း တွေ့ရှိရသည်။ အင်္ဂလိပ်တို့က (FLINT LOCK) ခေါ် တစ်ချက်ချင်းလျင်မြန်စွာ ပစ်ခတ်နိုင်သော သေနတ်များကို အသုံးပြုနေပြီဖြစ်သည်။ ထို့ပြင် ၁၈၂၄-၁၈၂၆ ခုနှစ်များတွင် Common Shell and Shrapnel Shell ခေါ် ကျည်ဆန်ကို နှစ်ဆင့်ပေါက်ကွဲအောင် ပစ်နိုင်သော အမြောက်များကိုလည်းကောင်း၊ စွမ်းအားမြင့် ခံတပ်ဖြိုအမြောက်များကို လည်းကောင်း၊ ROCKET ခေါ် ဒုံးကျည်များကိုလည်းကောင်း အသုံးပြုနိုင်နေပြီ ဖြစ်သည်။ အဓိကအားဖြင့် လက်နက်ချင်းကွာခြားမှုကြောင့် တစ်နည်းဆိုရသော် ထိုခေတ်က မြန်မာ့တပ်မတော်၏ ခေတ်မမီမှုကြောင့် စစ်ရှုံးခဲ့ရခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပေသည်။

ဗြိတိသျှနယ်ချဲ့လက်အောက်တွင် သူ့ကျွန်အဖြစ်မနေလိုကြသော မြန်မာတိုင်းရင်းသားသူရဲကောင်းများက မပြတ်တရစပ် တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ဂုဏ်ရောင်ပြောင်စွာ ပြသနိုင်ခဲ့ကြသည်။

၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်မီး စတင်လောင်မြိုက်ချိန်တွင် နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ရန် မြန်မာလူငယ်တို့က စတင်ကြိုးပမ်းကြသည်။ သခင်အောင်ဆန်း၊ သခင်ရှုမောင်စသော မြန်မာလူငယ်တို့သည် ဂျပန်နှင့် အဆက်အသွယ်ရကာ ဂျပန်ပြည်သို့ လျှို့ဝှက်ထွက်ခွာခဲ့ကြသည်။ မြန်မာပြည်မှ စွန့်စားထွက်ခွာခဲ့ကြသော မြန်မာလူငယ်ရဲဘော်သုံးကျိပ်သည် ၁၉၄၁ ခုနှစ်အတွင်း ဂျပန်တို့က အပြင်းအထန်လေ့ကျင့်သင်ကြားပေးသော စစ်သင်တန်းကို တက်ရောက်သင်ယူခွင့်ရခဲ့ကြသည်။

ရဲဘော်သုံးကျိပ်တို့က ဦးဆောင်၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗန်ကောက်မြို့၌ စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ တပ်မတော်၏ မူလရည်ရွယ်ချက်အတိုင်း ဗြိတိသျှနယ်ချဲ့တို့အား တိုက်ထုတ်တော်လှန်ခဲ့ကြသည်။ ပြည်သူအပေါင်းကလည်း တပ်မတော်နှင့် ပူးပေါင်း၍ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ နယ်ချဲ့တို့ ဆုတ်ခွာပြေးသွားပြီးနောက် ဂျပန်တို့က အနှောင်အဖွဲ့ကင်းမဲ့သည့် လွတ်လပ်ရေးကြေညာပေးမည်ဟူသော ကတိအား ဖျက်ခဲ့ကြသည်။

၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖက်ဆစ်တို့အလိုကျ ဖျက်သိမ်းခဲ့ရပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ အသစ်ဖွဲ့စည်းသော ဗမာ့ကာကွယ်ရေးတပ်မတော်၏ အင်အားမှာ ၃၀၀၀ ခန့်သာရှိတော့သည်။ ထုထည်အင်အားကြီးမားလာသည့် မြန်မာ့လက်နက်ကိုင်အင်အားကို ဖက်ဆစ်တို့က လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးပေးကြောင်း ကြေညာပြီးနောက် ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဗဟိုစစ်အဖွဲ့ချုပ်ကြီး (ကာကွယ်ရေးကောင်စီ)က အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)ကို ဗမာ့တပ်မတော် (BNA)အဖြစ် ပြောင်းလဲအမည်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

ဖက်ဆစ်တို့ကြေညာပေးသည့် လွတ်လပ်ရေးမှာ အတုအယောင်သာဖြစ်ပြီး ပြည်သူတို့အပေါ် ယုတ်မာရိုင်းပျစွာ ဖိနှိပ်မှုများ၊ ရက်စက်မှုများကို ကျူးလွန်လာကြသည်။ ထို့ကြောင့် ဗမာ့တပ်မတော်သည် ပြည်သူတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ဖက်ဆစ်စနစ်ဆိုးအား တိုက်ဖျက်ရန်ပြင်ဆင်ခဲ့ရသည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ရက်နေ့တွင် ကမ္ဘာ့သိဖက်ဆစ်တော်လှန်ရေးကြီးကို ဗမာ့တပ်မတော်က ဦးဆောင်လျက် တစ်နိုင်ငံလုံး အုံကြွဆင်နွှဲခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ပြည်သူတို့၏ ထောက်ခံလက်တွဲပူးပေါင်းမှုကို ရရှိခဲ့သည့် တပ်မတော်သည် မိမိထက်စစ်လက်နက်အင်အားကြီးမားသော ဖက်ဆစ်တို့ကို ပြတ်ပြတ်သားသား တော်လှန်တိုက်ခိုက်ကာ အနိုင်ရယူနိုင်ခဲ့သည်။

ဗြိတိသျှတို့သည် ဖက်ဆစ်ဂျပန်ကို စွမ်းစွမ်းတမံ တော်လှန်တိုက်ခိုက်ခဲ့သော မျိုးချစ်ဗမာ့တပ်မတော်၏ အရည်အသွေးသတ္တိကိုလည်းကောင်း၊ ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားကို လည်းကောင်း မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသောအခါ မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှနယ်ချဲ့တို့လက်မှ လုံးဝလွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တပ်မတော်က ကိုယ့်ထူးကိုယ်ချွန် စတင်ရပ်တည်နိုင်ခဲ့သည့် မတ်လ ၂၇ ရက်နေ့ကို မြန်မာ့သမိုင်းမော်ကွန်းတွင် တပ်မတော်နေ့အဖြစ် ကမ္ပည်းတင်သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရရှိခဲ့ပြီးနောက်တွင်လည်း နယ်ချဲ့ပယောဂကြောင့် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ တပ်မတော်သည် အမျိုးသားအကျိုးစီးပွားကို သစ္စာစောင့်သိပြီး ပြည်တွင်းသောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်သူများကို နှိမ်နင်းတိုက်ခိုက်မောင်းထုတ်ပေးခဲ့ရသည်။ ပြည်သူများကြားမှ ပေါက်ဖွားခဲ့သော မျိုးချစ်တပ်မတော်သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲအောင် ပြည်တွင်းပြည်ပအဖျက်သမားတို့၏ ရန်အန္တရာယ်မှ ကာကွယ်ပေးရသည့် စစ်ရေးတာဝန်ကို တစိုက်မတ်မတ် ထမ်းဆောင်ရခြင်းနှင့် အတူ နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့် အခြေအနေဆိုးများကြုံလာသည့်အခါတိုင်း

ပန်းတောင်းသန်းကြွယ်

နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုပါ ဆောင်ရွက်ပေးခဲ့ရသည်။ တပ်မတော်၏ ပခုံးထက်သို့ ယင်းတာဝန်များကျရောက်လာတိုင်းလည်း ပီပီပြင်ပြင်နှင့် ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သည်သာ ဖြစ်သည်။

၁၉၅၈ ခုနှစ်က ပထမအကြိမ် နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ အိမ်စောင့်အစိုးရဖွဲ့စည်းလျက် ရွေးကောက်ပွဲကြီး ကျင်းပပေးနိုင်ခဲ့သည်။ ထိုဆောင်ရွက်မှုသည် သွေးချောင်းစီးစေမည့် အစိုးရအကွဲအပြဲကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်သကဲ့သို့ ပါလီမန်ဒီမိုကရေစီစနစ်ကို နည်းစနစ်ကျနအောင် ထိန်းသိမ်းပေးခဲ့ရခြင်းလည်း ဖြစ်သည်။

၁၉၆၂ ခုနှစ်ရောက်သောအခါ အာဏာရအစိုးရအဖွဲ့၏ ပျော့ကွက်ဟာကွက်များကြောင့် တိုင်းရင်းသားလူမျိုးများအတွင်း မကျေမလည်မှုများ ပေါ်ပေါက်လာပြီး ပြည်ထောင်စုပြိုကွဲမည့်အခြေအနေဆိုးနှင့် ကြုံတွေ့ခဲ့ရပြန်သည်။ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်သော တပ်မတော်က နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဒုတိယအကြိမ် ထိန်းသိမ်းကာ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသည့် ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ရပြန်သည်။ တပ်မတော်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော တော်လှန်ရေးကောင်စီက ပြည်သူများဆန္ဒရှိနေသော ဗိုလ်ချုပ်အောင်ဆန်းလိုလားခဲ့သည့် ဆိုရှယ်လစ်ဇင်ခေါ် အများကောင်းစားရေးဝါဒကို အုတ်မြစ်တိုင်စိုက်ထူပေးခဲ့ရခြင်းပင် ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် တစ်ပါတီစနစ်ကို ဆန့်ကျင်သော နိုင်ငံရေးလှုပ်ရှားမှုများ ပြည်သူများအတွင်း ပေါ်ပေါက်လာခဲ့ပြန်သည်။ မြေပေါ်မြေအောက် သောင်းကျန်းသူများက ထိုလှုပ်ရှားမှုကို အခွင့်ကောင်းယူကာ သွေးထိုးလှုံ့ဆော်လာကြသည်။ မင်းမဲ့စရိုက်ကို လမ်းကြောင်းပေး အသက်သွင်းလာခဲ့ကြသည်။ အမျိုးသားရေးကို သစ္စာစောင့်သိသော တပ်မတော်က နိုင်ငံတော်ပြိုကွဲမည့်အရေးကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ နိုင်ငံတော်အာဏာကို တတိယအကြိမ် ထိန်းသိမ်းခဲ့ရပြန်သည်။ ဤတတိယအကြိမ် နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရသည်မှာလည်း နိုင်ငံတော်တစ်ဝန်း မီးဟုန်းဟုန်းတောက်တော့မည့်အခြေအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲတော့မည့် အခြေအနေဆိုးများကို အချိန်မီတားဆီးကာကွယ်ပေးလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းတွင် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာ အမျိုးသားနိုင်ငံရေးကို ဦးစီးဦးဆောင်ပြုခဲ့ရသည်မှာ သုံးကြိမ်ရှိခဲ့ပြီဖြစ်သည်။ ထိုပြောင်းလဲမှုအားလုံးသည် တပ်မတော်၏ ဆန္ဒကြောင့် မဟုတ်မူဘဲ သမိုင်းပေးတာဝန်အရ ပြည်သူအများလိုလားသော နိုင်ငံရေးစနစ်သစ်များကို ဦးစီးပဲ့ကိုင်ပြုကာ အုတ်မြစ်ချပေးခဲ့ရခြင်းသာဖြစ်သည်။

ပစ္စုပ္ပန်ကာလတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့် ဦးထိပ်ထားကာ ကြီးမားသောအစဉ်အလာကို ပြဆိုသည့် သမိုင်းဆက်ကို ရေးသားမော်ကွန်းထိုးလျက်ရှိသည်။ တပ်မတော်ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန် လိုအပ်ချိန်၌ နိုင်ငံရေးသမားဘဝမှ မျိုးချစ်တပ်မတော်သားဘဝကို ကူးပြောင်းခဲ့ကြပြီး နိုင်ငံရေးအရ တိုက်ပွဲဝင်ရမည့် အချိန်၌လည်း အမျိုးသားနိုင်ငံရေးသမားဘဝကို ပြန်လည်ကူးပြောင်းသွားခဲ့ကြရသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံရေးအရရော စစ်ရေးအရပါ နိုင်ငံတော်သမိုင်းတွင် ထွန်းပြောင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းဖြစ်ပေါ်လာသော အရပ်ဘက်အစိုးရအား ၃၀-၃-၂၀၁၁ ရက်က အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတည်းဟူသော အာဏာများ အပါအဝင် နိုင်ငံတော်အစိုးရ၏ လုပ်ပိုင်ခွင့်အရပ်ရပ်အား စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် တပ်မတော်သည် ကျရာကဏ္ဍမှ တစိုက်မတ်မတ် ကြိုးပမ်းပါဝင်လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ် အခြေခံလျက် ယခင်ကနှင့်မတူသည့်မူများကို

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိ စေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ် အခြေခံလျက် ယခင်ကနှင့်မတူသည့် မူများကိုကျင့်သုံး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်လျက်ရှိသည်။ နိုင်ငံတော်ကို လက်နက်ကိုင် ဆန့်ကျင်နေသည့်အဖွဲ့များနှင့် ဖိတ်ခေါ်တွေ့ဆုံညှိနှိုင်း၍ ထာဝရငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်အောင် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးမှု၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် သဘောတူလက်မှတ်ရေးထိုးမှုဟူသည့် အဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်နေပြီဖြစ်သည်။

ကျင့်သုံး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခြုံငုံသုံးသပ် **အခြေအနေကောင်းမွန်လျက်ရှိသည်။ နိုင်ငံတော်ကို** **ထာဝရငြိမ်းချမ်းရေးရယူ တည်ဆောက်နိုင်အောင်** **အဆင့် တွေ့ဆုံဆွေးနွေးမှုနှင့် ထာဝရငြိမ်းချမ်းရေးအတ** **အဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်နေပြီ ဖြစ်သည်။** **တစ်ခုအထိ အောင်မြင်လျက်ရှိရာ နှစ်များစွာမကြ** **ဖြစ်သည်။**

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း အတွက် အထူးပင်အရေးကြီးလှသည်။ ပြည်တွင်း နိုင်ငံတကာ၏ သဘောထားအမြင်များပြောင်းလဲ လုပ်ကိုင်လာနိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးန စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများ၊ ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမည့် ပြည်သူတို့၏လူမှုစီးပွ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို အဓိကတာဝန်ယူထာ ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ဆ သည့်နောက်တွင်ကား တပ်မတော်သည် တစ်ခုတ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ်၊ လက်နက်ကိုင်က တည်ဆောက်သွားရမည်ဖြစ်ကြောင်း ဖော်ညွှန်းရေးသ

(၆၇)နှစ်မြောက်တ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည် ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိ မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သ တပ်မတော်၏ အဓိကတာဝ စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ် ကာကွယ်စောင့်ရှောက်ရန် ခေတ်မီမျိုးချစ်တပ်မတော်

တနည်ရဲဘေ

* နယ်ချဲ့ကို တိုက်ထုတ်ပစ်
ဖက်ဆစ်ကို တော်လှန်။
သတ္တိ ကဲဆင့်စွာဖြင့်
ဗျူဟာ ပွဲတင့်ပါဘိ
ရဲဝံ့စွာ နိုင်ငံတွက်ဆို
တစ်ကွက်ပင် မကျန်ရအောင်
တစ်စတွင် တစ်ဆံလျှားရယ်
ချန်ထားတယ် ဘယ်မရှိ
အားပြည့် အင်လျှံ။
မျှော်လင့်တဲ့ မနက်ဖြန်
ဆက်ခံမယ့် လွတ်လပ်ရေး။
မြန်မာဟူ ဤလူမျိုးရယ်
အမျိုးသားရေးရာတွက်ဆို
အသက်ကို ပေး။

* ဖက်ဆစ်ကို ဖျက်ပစ်ဖို့
ခက်ဆစ်တို့ မလိုပါ။
အနီးဆုံး ရန်သူကိုဖြင့်
အလံထူ ရှာဖွေတိုက်ရယ်လို့
မှာလိုက်တယ် မိန့်စကားဟာ
ဓားသံ တရားသံနဲ့
အားမာန် တစ်ရာ။
ထိုမှစကာ
ဆက်လို့သာ ကြည့်လျှင်ဖြင့်
မြန်မာ့တပ်မတော်လမ်းဟာ
နိဒါန်းမှာ အောင်ပွဲဦးရယ်
ဂုဏ်ထူးနဲ့ဖွင့်။

(၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဓာနည်ရဲဘော် လူတော်လူမော်

* နယ်ချဲ့ကို တိုက်ထုတ်ပစ်
ဖက်ဆစ်ကို တော်လှန်။
သတ္တိ ကဲဆင့်စွာဖြင့်
ဇွတ္တိ ပွဲတင့်ပါဘိ
ရဲဝံ့စွာ နိုင်ငံတွက်ဆို
တစ်ကွက်ပင် မကျန်ရအောင်
တစ်စတွင် တစ်ဆံလျားရယ်မှ
ချန်ထားတယ် ဘယ်မရှိ
အားပြည့် အင်လျှံ။
မျှော်လင့်တဲ့ မနက်ဖြန်
ဆက်ခံမယ့် လွတ်လပ်ရေး။
မြန်မာဟူ ဤလူမျိုးရယ်
အမျိုးသားရေးရာတွက်ဆို
အသက်ကို ပေး။

* ဖက်ဆစ်ကို ဖျက်ပစ်ဖို့
ခက်ဆစ်တို့ မလိုပါ။
အနီးဆုံး ရန်သူကိုဖြင့်
အလံထူ ရှာဖွေတိုက်ရယ်လို့
မှာလိုက်တယ် မိန့်စကားဟာ
ဓားသံ တရားသံနဲ့
အားမာန် တစ်ရာ။
ထိုမှစကာ
ဆက်လို့သာ ကြည့်လျှင်ဖြင့်။
မြန်မာ့တပ်မတော်လမ်းဟာ
နိဒါန်းမှာ အောင်ပွဲဦးရယ်
ဂုဏ်ထူးနဲ့ဖွင့်။

* သြော်…နွေဦးမှာ လေရူးထ
ကာလက စာ, သစရာ။
နှစ်ဆယ့်ခွန် မတ်လအတိတ်
အရိပ်နယ်ပါ။
လွတ်လပ်ရေးရုပ်ပုံလွှာ
ဖွေဝါဟော့ ရှာလေတွေ့။
သမိုင်းရဲ့ ဂုဏ်နဲ့ဒြပ်ကို
အမှတ်ထင် အသွင်ထပ်စွာ
မြင်တတ် ကြားတတ်စေတဲ့
တပ်မတော်နေ့….။

* ဒီမိုကရေစီ နိုင်ငံသစ်
ဖြစ်တည်ဖို့ လမ်းစပေါ်။
သည်နေ့လို ရွှေကာလ
အလှသရုပ်ဖော်။
တပ်မတော်
ရပ်ပေါ်မှာ သစ္စာရှိ
ရွာပေါ်မှာ မေတ္တာအပြည့်။
ဓာနည်ရဲဘော်
လူတော်လူမော် ခေါ်ပါပေ၏။
ထက်မြက်စွမ်းရည်နှင့်
ခေတ်မီ မျိုးချစ်လေသော
စစ်စွမ်းအား အဖွဲ့အစည်းကြီးရယ်လို့
ခရီးလမ်းမှာ တူယှဉ်တွဲကာ
ရဲဝံ့ပုံသမိုင်းအရှိကွယ်
တိုင်းသိပြည်သိ….။ ။

စိုးမြင့်သန်းမောင်(စာပေဗိမာန်)

ကျင့်သုံး၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခြံုငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်လျက်ရှိသည်။ နိုင်ငံတော်ကို လက်နက်ကိုင်ဆန့်ကျင်နေသည့်အဖွဲ့များနှင့် ဖိတ်ခေါ်တွေ့ဆုံညှိနှိုင်း၍ ထာဝရငြိမ်းချမ်းရေးရယူ တည်ဆောက်နိုင်အောင် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးမှု၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် သဘောတူလက်မှတ်ရေးထိုးမှုဟူသည့် အဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်နေပြီ ဖြစ်သည်။ လက်ရှိအခြေအနေတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုများ အတိုင်းအတာတစ်ခုအထိ အောင်မြင်လျက်ရှိရာ နှစ်များစွာမကြာမီ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုများ ရုပ်လုံးပေါ်လာတော့မည် ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ အောင်မြင်ပြီးမြောက်ရေးသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အထူးပင်အရေးကြီးလှသည်။ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှု၊ နိုင်ငံရေးတည်ငြိမ်မှုများအပေါ်တွင် အခြေခံ၍ နိုင်ငံတကာ၏ သဘောထားအမြင်များပြောင်းလဲဖြစ်ပေါ်လာခြင်း၊ ပြည်ပအရင်းအနှီးများ အများအပြားဝင်ရောက်လုပ်ကိုင်လာနိုင်ခြင်း၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ဂုဏ်ရှိန်မြင့်မားလာနိုင်ခြင်းစသော ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများ၊ အခွင့်အလမ်းများကို ရရှိခံစားနိုင်မည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာမည့် ပြည်သူတို့၏လူမှုစီးပွားဘဝ အစဉ်ဖွံ့ဖြိုးစည်ပင်ရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အဓိကတာဝန်ယူထားရသော တပ်မတော်အနေဖြင့်လည်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ဆက်လက်တည်ဆောက်သွားရမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိပြီးသည့်နောက်တွင်ကား တပ်မတော်သည် တစ်ခုတည်းသော အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ်၊ လက်နက်ကိုင်ကာကွယ်ရေး အင်အားစုကြီးအဖြစ် ထီးထီးမားမားရပ်တည်နိုင်အောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း ဖော်ညွှန်းရေးသားလိုက်ရပေသည်။ ။

ဗီယင်ကျန်းမြို့ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များအား နိုင်ငံတော်သမ္မတဦးသိန်းစိန် ဖူးမြော်ကြည်ညို

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်အကြီးတို့ လိုက်ပါလျက် မတ် ၂၃ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Sisa-ket Museum သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ဘုရားကျောင်းဆောင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတအား ဗီယင်ကျန်းမြို့ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးတာဝန်ခံက အေဒီ ၁၅ ရာစုနှောင်းပိုင်းတွင် တည်ဆောက်ခဲ့သည့် ဗီယင်ကျန်းမြို့တွင် ရှေးအကျဆုံး ဘုရားကျောင်းဆောင်နှင့် ပြတိုက်အတွင်း အရွယ်အစားအမျိုးမျိုးရှိသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ပေါင်း ၁၀၀၀၀ ကျော် ပူဇော်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည်ညို

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်းရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များကို လှည့်လည်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်သမ္မတသည် Hophrakeo Museum သို့ရောက်ရှိပြီး မြဘုရား တန်ဆောင်းတော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ၍ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ဗီယင်ကျန်းမြို့ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးတာဝန်ခံက ပြတိုက်အတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် ဆက်စပ်လျက်ရှိသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၏သမိုင်းနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၁၀၀၀ ကျော် ပူဇော်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တန်ဆောင်းတော်အတွင်း လှည့်လည်ကြည်ညိုပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များထိန်းသိမ်းရန်အတွက် အလှူငွေများလှူဒါန်းသည်။

ဆက်လက်၍ ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ပြတိုက်မှ ခေတ္တတည်းခိုသည့် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Phanduongchit Vonsa အား မတ် ၂၃ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ခေတ္တတည်းခိုသည့် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်မြင့်၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်နှင့် ဦးတင့်ဆန်း၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ လာအို-မြန်မာချစ်ကြည်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် မြန်မာနှင့်လာအိုနိုင်ငံတို့အကြား ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ပိုမိုရင်းနှီးထိတွေ့ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိမိအနေဖြင့် ဝန်ကြီးဌာနများအလိုက် e-government စနစ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလို၍ လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် e-government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အတွက်ဆိုလျှင် infrastructure နှင့် superstructure နှစ်ခုစလုံး လိုအပ်မည်ဖြစ်ကြောင်း၊ infrastructure ပိုင်းတွင် လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီး အပိုင်းများ အဓိကကျကြောင်း၊ တိုင်းပြည်တိုးတက်လာရန်အတွက် e-government စနစ်ကို အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် e-government စနစ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံသည်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ICT နည်းပညာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အများပြည်သူများက အစိုးရရုံးဌာနများနှင့် လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်ရာတွင် လူကိုယ်တိုင်လာရန်မလိုဘဲ online မှ ဆက်သွယ် ဆောင်ရွက်နိုင်သည့် အဆင့်မျိုးဖြစ်အောင် အကောင်အထည်ဖော်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံသားများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့်ဆိုလျှင် လေ့ကျင့်ပေးပါက ကျွမ်းကျင်သူများဖြစ်လာမည် ဖြစ်ကြောင်း၊ e-government စနစ် ဖြစ်လာစေရန်အတွက် လိုအပ်သည်များကို လေ့လာဆန်းစစ်၍ ဝန်ကြီးဌာန အသီးသီးမှ အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအား လေ့ကျင့်ပျိုးထောင်သည့် လုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လိုအပ်သည့် ပစ္စည်းကိရိယာများကိုလည်း ဝန်ကြီးဌာနများအနေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရှိ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော ဆော့ဖ်ဝဲ application များ လက်တွေ့ဆောင်ရွက်မှုနှင့် Server Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ သုံးမိုင်မြို့ကွက်သစ်ရှိ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး(အောက်ဆုံးပုံ) နှင့် ဝေဟင်မြင်ကွင်း(ဝဲပုံ)တို့ကို တွေ့ရစဉ်။

ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာရှိ တိုက်နယ်ဆေးရုံ(အောက်ပုံ)ကို တွေ့ရစဉ်။

သတင်းမှတ်စု
မောင်ငြိမ်းအေး

ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများဖြစ်ထွန်းလာစေရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည့် ရောဝတီတိုင်းဒေသကြီးအတွင်း တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးအခြေခံအဆောက်အအုံများ

◆ ယနေ့ကာလ၌ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေးတို့အတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံး လွှမ်းခြုံပေးလျက်ရှိရာ ရောဝတီတိုင်းဒေသကြီး၏ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများသည်လည်း တိုးတက်မြင့်မားလာခဲ့သည်။

26-3 (10).pmd 1 3/26/2012, 2:53 AM

အငယ်တန်းသတင်းထောက်ရာထူးအတွက် ရေးဖြေစာမေးပွဲကျင်းပမည်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း)(Myanmar News Agency)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်း ကျပ် ၅၉၀၀၀-၁၀၀၀-၆၄၀၀၀) ရာထူးနေရာအတွက် ရေးဖြေစာမေးပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါစာမေးပွဲဖြေဆိုရန် လျှောက်ထားသူများသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရုံးအမှတ်(၇) နေပြည်တော်သို့ဖြစ်စေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ် (ပြည်တွင်း) အမှတ်(၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့သို့ဖြစ်စေ နိုင်ငံသား စိစစ်ရေးကတ်၊ အထောက်အထားစာရွက်စာတမ်းများနှင့်တကွ မတ် ၂၉ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက နေပြည်တော် ဖုန်း-၀၆၇-၄၁၂၁၂၅၊ ရန်ကုန် ဖုန်း-၀၉၄၉၀၃၂၉၉၇သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးအား တွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Thongbanh Sengaphone အား မတ် ၂၃ ရက် နံနက် ၉ နာရီတွင် ဗီယင်ကျန်းမြို့ရှိ လာအိုပြည်သူ့လုံခြုံရေးဝန်ကြီးဌာနရုံး၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာ၌ မြန်မာ-လာအို နှစ်နိုင်ငံလုံခြုံရေးဆက်ဆံမှု မြှင့်တင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၅

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား အောင်သီရိဖောင်ဒေးရှင်းက ယနေ့နံနက်ပိုင်းမှစတင်၍ ပုဗ္ဗသီရိမြို့နယ် ဆိတ်နံတုန်းကျေးရွာရှိ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၌ အခမဲ့သွားနှင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

အခမဲ့ကုသပေး

ထိုသို့ဆောင်ရွက်ရာတွင် သွားဘက်ဆိုင်ရာ ဆရာဝန် ၂၀ နှင့်အကူ ဆရာ၊ ဆရာမ ၂၀တို့က ပုဗ္ဗသီရိမြို့နယ် ဆိတ်နံတုန်းကျေးရွာအုပ်စု၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအုပ်စု၊ ကိုးရွာ သပြေကုန်းကျေးရွာအုပ်စုနှင့် သပြေတန်းကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူ သွားပိုးစားရောဂါပြသသူ ၉၀၊ သွားဖုံးရောင် ရေစီးကမ်းပြိုရောဂါပြသသူ ၈၅ ဦးနှင့် သွားအလှပြုပြင်သူ ၃၄ ဦး စုစုပေါင်း၂၀၉ဦးတို့အား နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ အခမဲ့ကုသပေးခဲ့သည်။

အလားတူ မတ် ၂၆ ရက်တွင်လည်း ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အေးမြင့်သာယာကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စုနှင့် အောင်သာယာရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အေးမြင့်သာယာကျေးရွာ၌ အခမဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်မြို့နယ် ပေါင်းတလည်အုပ်ကျေးရွာအုပ်စု၌ မတ် ၁၆ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇောနှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၂)ဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်လဝက)

အရှိန်မထိန်းနိုင်သဖြင့် ရထားလမ်းချော်တိမ်းမှောက်

မော်လူး မတ် ၂၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် မတ် ၂၄ ရက် ညက မြစ်ကြီးနား-မန္တလေး အစုန်ရထားအမှတ်(၅၈) လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် ည ၁၀ နာရီခန့်တွင် မြစ်ကြီးနား-မန္တလေး အစုန်ရထား အမှတ်(၅၈)သည် စက်ခေါင်းအမှတ် DF-1341 ဖြင့် ကာဒူဘူတာမှ ထွက်ခွာလာပြီးနောက် ၁၀ နာရီ ၃၅ မိနစ်တွင် မော်ဟန်ဘူတာအနီးအရောက် အရှိန်မထိန်းနိုင်သဖြင့် စက်ခေါင်းမှာ သံလမ်းဘယ်ဘက်သို့ လမ်းချော်တိမ်းမှောက်သွားခဲ့ပြီး စက်ခေါင်းနှင့်ကပ်လျက် လူစီးရထားသုံးတွဲမှာ လမ်းချော်ခဲ့သည်။

အချိန်မီဆောင်ရွက်

အဆိုပါဖြစ်စဉ်တွင် ခရီးသည်လေးဦးမှာ အနည်းငယ်ပွန်းပဲ့ဒဏ်ရာရရှိခဲ့သည်။ ရထားများအချိန်မှန် သွားလာနိုင်ရန်အတွက် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်လုပ်သားများက အချိန်မီဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့နံနက် ၈ နာရီ ၃၅ မိနစ်တွင် ရထားများပုံမှန်မောင်းနှင်လျက်ရှိကြောင်း သိရသည်။ **(၁၄၉)**

မြစ်ကြီးနား-မန္တလေးအစုန်ရထားစက်ခေါင်း လမ်းချော်တိမ်းမှောက်ပြီးနောက် တွေ့ရစဉ်။ (၁၇၁)

CP Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လု၊ ဆုများချီးမြှင့်

ရန်ကုန် မတ် ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (Tennis Federation of Myanmar)တို့ ပူးပေါင်းကျင်းပပြီး Myanmar CP Livestock Co,Ltd.၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ CP Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို မတ် ၂၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ အမျိုးသမီး ၁၀ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ရွှန်းလဲ့ဝေ၊ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ရဲမာန်ဇော်၊ အမျိုးသမီး ၁၂ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် မထက်ထက်အောင်၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဆန်းဇာနည်ကို၊ အမျိုးသမီး ၁၄ နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် အက်စ်ကြင်ညိုင်သိန်း၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဖြိုးသူလွင်၊ အမျိုးသမီး ၁၆ နှစ်အောက်တစ်ဦးချင်းပြိုင်ပွဲတွင် ခင်စန္ဒာဇော်၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဇော်ဆန်းဦး၊ အမျိုးသား+ အမျိုးသမီး အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ခင်မောင်ဝင်းနှင့် ချစ်စုရည်အတွဲတို့ အသီးသီး ဗိုလ်စွဲကြပြီး ဆုတံဆိပ်များနှင့်ဆုကြေးများကို တာဝန်ရှိသူများက အလှည့်ကျပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် Myanmar CP Livestock Co,Ltd.(Vice President) Mr. PHONG TRON က အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဖြိုးမင်းသာနှင့်မင်းမင်းအတွဲ၊ ဒုတိယဆုရခင်မောင်ဝင်းနှင့် တူးတူးဂျာအတွဲ၊ ပူးတွဲတတိယဆုများရရှိကြသော ဝင်းမြိုင်၊ ခရစ္စတိုဖာအတွဲနှင့် မျိုးလွင်ဦး၊ ဝင်းနိုင်ဦးအတွဲတို့အား လည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရဖြိုးမင်းသာ၊ ဒုတိယဆုရ အောင်ကျော်နိုင်၊ ပူးတွဲတတိယဆုများရရှိကြသော မင်းမင်းနှင့် အောင်ကိုဦးတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ပူးတွဲတတိယ ရရှိကြသော စစ်အင်ဂျင်နီယာအသင်းနှင့် Excellent အသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမရရှိသော Petronas တင်းနစ်အသင်းတို့အား **(အပေါ်ပုံ)** ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး ပထမရရှိသောအသင်းအား တံခွန်စိုက် TROPHY ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တာချီလိတ်ဂေါက်ကွင်း၌ ပေါက်ကွဲမှုဖြစ် အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

တာချီလိတ် မတ် ၂၅

တာချီလိတ်ဂေါက်ကွင်း၌ မတ် ၂၄ ရက်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

တာချီလိတ်မြို့ ဂေါက်ကွင်း၌ ထိုနေ့ နံနက် ၇ နာရီခန့်က ကျင်းအမှတ်(၁၃) တီခုံအနီး အမှိုက်ပုံးအတွင်းမှ ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး နံနက် ၈ နာရီခန့်တွင် မူလပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှ ကိုက် ၂၀ခန့်အကွာတွင် ဒုတိယဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ရာ ဂေါက်သီးကစားသမား ဦးအားဖျာ (ဘ) ဦးလောက်ယီ ဂေါက်ကွင်းဝင်းအတွင်း အသေးစိတ်ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ကျင်းအမှတ်(၁၃)အနီး သစ်ပင်ခြေရင်းတွင် တတိယမြောက် ဗုံးတစ်လုံးအား ထပ်မံတွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့များမှ ယင်းဗုံးကို ရှင်းလင်းနိုင်ခဲ့သည်။

တတိယမြောက်ဗုံးအား ကျွမ်းကျင်သူများမှ စစ်ဆေးသည့်အခါ ဗုံးအတွင်း တီအမ်တီအမျိုးအစား ယမ်းနှင့် အခြားယမ်းများရောရာ တစ်ကီလိုဂရမ်ခန့်ပါဝင်သည့် အလျား ခြောက်လက်မ × လုံးပတ်လေးလက်မခန့်ရှိ ယမ်းထုပ်တစ်ထုပ်၊



ဗုံးတွင် အသုံးပြုသည့် ယမ်းထုပ်၊ ဒီတိုနေတာ၊ သံစများနှင့် လက်ကိုင်ဖုန်းကို တွေ့ရစဉ်။

အသက် (၃၂)နှစ်၏ ကျောကုန်းတွင် လည်းကောင်း၊ ဂေါက်ကွင်းအလုပ်သမား ဦးဇော်ရဲမင်း (ခ)အငယ်လေး (ဘ) ဦးငွေလှိုင် အသက်(၃၃)နှစ်၏ မျက်နှာတွင် လည်းကောင်း ဒဏ်ရာများ အသီးသီး ရရှိခဲ့ရာ တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရသည်။

ထို့နောက် ရှင်းလင်းရေးအဖွဲ့က ဗုံးပေါက်ကွဲခဲ့သည့် ကျင်းအမှတ် (၁၃)နှင့် ဒီတိုနေတာ တစ်ချောင်း၊ အလျား တစ်လက်မခန့်ရှိ သုံးမူးအရွယ် သံချောင်းဖြတ်စ စုစုပေါင်း ၁၉၈ ချောင်းတို့ကို ထည့်သွင်းကာ တိပ်ဖြင့် အထပ်ထပ်ရစ်ပတ်ထားပြီး ၎င်းဗုံးအား နိုကီရာ အမျိုးအစား လက်ကိုင်တယ်လီဖုန်းဖြင့် ချိတ်ဆက်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

(၀၆၀)

မဲခေါင်မြစ်ကူးတံတားတည်ဆောက်ရေးကိစ္စ မကြာမီကာလအတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်တော့မည်

နှစ်နိုင်ငံအကြား လေကြောင်းလမ်းဆက်သွယ်နိုင်ပါကလည်း ခရီးသွားလုပ်ငန်းများ တိုးတက်လာနိုင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မဲခေါင်မြစ်ကူးချစ်ကြည်ရေးတံတား တည်ဆောက်ပြီးပါက နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ပိုမိုမြန်ဆန်လာမည်

နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်မည်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့တက်ရောက်ရန် သမ္မတအိမ်တော်သို့ရောက်ရှိရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံအကြား တံတားဆောက်လုပ်ရန်ကိစ္စ ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

နှစ်နိုင်ငံအကြား လေကြောင်းဆက်သွယ်မှုဆိုင်ရာသဘောတူစာချုပ်ကို ဆောလျင်စွာ အကောင်အထည်ဖော်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နှစ်နိုင်ငံအကြား မဲခေါင်မြစ်ကို ဖြတ်ကျော်တည်ဆောက်မည့်တံတားသည် နှစ်နိုင်ငံချစ်ကြည်ရေး၏ ပြယုဂ်ဖြစ်

လာအိုနိုင်ငံအနေဖြင့် နိုင်ငံတကာကိစ္စရပ်များ၌ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား မတ် ၂၂ ရက် ညနေ ၃ နာရီ ၂၅ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။ (ယာပုံ)

စာမျက်နှာ ၅ ကော်လံ ၁ ◆

မြန်မာ့အလင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

"ထာဝရငြိမ်းချမ်းရေးမှသည် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးသို့"

ပန်းတောင်းသန်းကြွယ်၏ ဆောင်းပါး စာ-၈၊ ၉

ဇာနည်ရဲဘော် လူတော်လူမော် — စိုးမြင့်သန်းမောင်(စာပေဗိမာန်)၏ ကဗျာ စာ-၉